# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ စနေနေ့။ Saturday, 22 November 2025 ၁၂၀၀၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း



## ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၈၃၃၉ ဦးရှိ

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက် ၁၈ နှစ် ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း သက်ဆိုင်ရာ အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ပါသည်။

၂။ အဆိုပါနေ့ရက်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မဲပေးပိုင်ခွင့်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၃၃၉ ဦးရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ယနေ့ ဖတ်စရာ


စားကုန်သောက်ကုန်ကို အခြေခံသော ကုန်ထုတ်လုပ်မှုကြီးမားသည့် MSME များ တိုးတက်ပြောင်းလဲနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၅

E2A2 ဖြင့် AI ဆိုင်ရာ A2/AD ကို ကျော်လွှားခြင်း လုပ်ငန်းခွင်တွင် တာဝန်သိစွာ AI ကို လက်ခံအသုံးပြုခြင်း ဆိုရာဝယ် . . .
ဆောင်းပါး
စာမျက်နှာ » ၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲ ရောင်းချရ
စာမျက်နှာ » ၁၀


# ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၈၉၂ ဧက ရှိသော နယ်မြေကို ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၂ ရက် (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

ကြေးမုံ

# နိုင်ငံ၊ လူမျိုး၊ စာပေနှင့် ယဉ်ကျေးမှုကို တန်ဖိုးထားလေးစားမြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း(၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ပြီး အသိဉာဏ်ပညာနှင့် ဗဟုသုတအဖြာဖြာ တိုးပွားရာတိုးပွားကြောင်းပေးစွမ်းသည့် စာအုပ်စာပေများကို ပြုစုရေးသားအားထုတ်ကြသော စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ ယခုနှစ်တွင် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆုနှင်းသဘင်အခမ်းအနားကို နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်နှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၀ ကျော်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် စာဆိုတော်ကြီးများအား လေးစားဂုဏ်ပြုအသိအမှတ်ပြုသောအားဖြင့် ၁၉၄၈ ခုနှစ်မှစတင်ပြီး “စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု” ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ခေတ်အဆက်ဆက် ဘာသာရပ်အလိုက် ဆုများတိုး၍ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုအခါ အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၉ မျိုးအထိ ရွေးချယ်၍ ပေးအပ်ချီးမြှင့်ခဲ့သည်။

စာပေသည် လူသားများအတွက် အသိပညာနှင့် လိမ္မာယဉ်ကျေးမှုကိုပေးသည်။ စာပေကပေးသည့် အသိပညာနှင့် အလိမ္မာကိုအခြေခံပြီး လူ့ပတ်ဝန်းကျင် အဆောက်အအုံကြီး ကြီးထွားစည်ပင်လာခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် စာပေမှရသည့် အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှုများဖြင့် ပိုမိုကောင်းမွန်သော လူ့အသိုက်အမြုံကြီးကို တည်ဆောက်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် တိုးတက်သည့် နိုင်ငံတိုင်းသည် နည်းပညာများ မည်သို့ပင်တိုးတက်နေပါစေ အကျိုးကျေးဇူးကြီးမားသော စာအုပ်စာပေကို တန်ဖိုးထားနေဆဲဖြစ်သည်ကို တွေ့ရသည်။ စာအုပ်စာပေများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး စာပေပညာရှင်များကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

စာပေသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေခဲ့သည်။ လွတ်လပ်ရေးရပြီးကာလတွင် နိုင်ငံတော်ကို ပြန်လည်ထူထောင်ရာတွင်လည်းကောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်းကောင်း အသိအမြင်ဗဟုသုတများတိုးပွားရာစာပေများ ခေတ်နှင့်အညီ ပေါ်ထွက်လာခဲ့သည်။ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုအကျိုးပြုစာပေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအားပေးသည့်စာပေများ ပေါ်ထွန်းလာခဲ့သည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ထားသည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်သည့်ပညာရေးကို အားပေးမြှင့်တင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးကိုရှေးရှုသည့် ခေတ်မီအသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုအစဉ်အလာများကို လေးစားမြတ်နိုး တန်ဖိုးထားစိတ်များ ထက်သန်လာအောင် ရေးသားပြုစုအားထုတ်ကြသည့် စာပေပညာရှင်များကို နှစ်စဉ် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့်အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပြည်သူများ မှန်ကန်သောအသိအမြင်များတိုးပွားလာအောင် စာပေဖြင့် မျှဝေပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးနေသည့် အချိန်အခါဖြစ်သည်။ တစ်ဖက်တွင် ပြည်သူလူထု စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ တိုင်းပြည်ယိုယွင်းပျက်ပြားအောင် ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်မျိုးစုံတို့ဖြင့် ထိုးနှက်တိုက်ခိုက်နေချိန်တွင် ပြည်သူများ အားလုံး အမှားအမှန် အကောင်းအဆိုး ခွဲခြားတတ်အောင်၊ ဒီမိုကရေစီ အလေ့အထကောင်းများ ထွန်းကားလာအောင်၊ အသိဉာဏ်ပညာများ ပြည့်ဝလာအောင် ခေတ်မီဗဟုသုတများ တိုးတက်လာအောင် “စာပေ” ဖြင့် ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန် စာပေကိုတန်ဖိုးထား အားပေးမြှင့်တင်ရမည်ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) (၃၁) ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့အား ဘွဲ့ဆက်ကပ်မည့် (၃၁) ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်း လောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း ဘာသာ၊ “ဝ”၊ ကချင်၊ ကယားအစီအစဉ်များကို ည ၂၃ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၈ နာရီမှ နံနက် ၉ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁၄ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄ နာရီမှ ညနေ ၁၆ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၁၆ နာရီမှ ည ၁၈ နာရီအထိ “ဝ”ဘာသာ အစီအစဉ်၊ ည ၁၈ နာရီမှ ၂၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၂၀ နာရီ မှ ၂၂ နာရီအထိ ကယား ဘာသာအစီအစဉ်၊ ည ၂၂ နာရီ မှ ၂၃ နာရီအထိ စကောကရင် ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ■

## ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေရည်ညွှန်းဈေး)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၃,၂၂၀ | ၂၇,၆၈၄,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၆၀၀ | ၄,၀၄၂ | ၁၄,၂၄၈,၇၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁၀ | ၇၆,၀၀၀ |
| FPB | ၂,၁၀၀ | ၂,၁၀၀ | ၅ | ၁၀,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၈၁ | ၅၂၄,၉၀၀ |
| EFR | ၁,၆၅၀ | ၁,၇၅၀ | ၁,၁၁၉ | ၁,၉၀၁,၄၅၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၁၅၈ | ၅၆၈,၈၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၅၀ | ၁၃၁ | ၄၁၂,၅၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၅၀ | ၆၃၉ | ၁,၆၉၃,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅) အခမ်းအနားများတက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျန့်ပြည်နယ် ဖူကျိုးမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ရက်သတ္တပတ်(၂၀၂၅) အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အာဆီယံ-တရုတ် ရက်သတ္တပတ်(၂၀၂၅) အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှသံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များနှင့်မီဒီယာများ စုစုပေါင်း ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တရုတ်နိုင်ငံ ဖူကျိုးမြို့၌ “မိမိတို့၏ တူညီသောအနာဂတ်-အာဆီယံ မျှော်မှန်းချက် (၂၀၄၅)နှင့် တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို ချိတ်ဆက်ပေးခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅)သို့ တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် တရုတ်နိုင်ငံအစိုးရ၊ ဖူးကျန့်ပြည်နယ် အာဏာပိုင်များနှင့် အာဆီယံ-တရုတ်စင်တာ (ACC) တို့အား အခမ်းအနားကို စီစဉ်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အခမ်းအနားသည် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးနှင့် တက်ကြွ၍ အားလုံးပါဝင်ပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းရာခရီးလမ်းကို ထင်ဟပ်လျက်ရှိကြောင်း၊ အာဆီယံ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ ဘုံရည်မှန်းချက်အောက်တွင် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးအဖြစ် မြန်မာနိုင်ငံက တာဝန်ယူစဉ်အတွင်း “အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး”သို့ အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် အာဆီယံ-တရုတ် ဆက်ဆံရေးတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ချိတ်ဆက်မှု၊ လူငယ်နှင့်အဏ္ဏဝါစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူချင်းဖလှယ်မှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန်ကတိကဝတ်ကို အလေးထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ AI အစီအစဉ်ကိုလည်းကြိုဆိုပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် တန်းတူညီမျှ၍ တာဝန်ယူမှုရှိရန်အရေးကြီးကြောင်း၊ တရုတ်နိုင်ငံ၏ ခိုင်မာသောထောက်ခံအားပေးမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုတို့အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အာဆီယံ-တရုတ် အဖြေရှာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ဉာဏ်ရည်တုနည်းပညာ၊ ဒစ်ဂျစ်တယ်စီးပွားရေး ခေါင်းစဉ်များဖြင့်ပြုလုပ်သည့် အဆင့်မြင့်ဆွေးနွေးပွဲများ၊ အာဆီယံ-တရုတ် အဏ္ဏဝါစီးပွားရေးနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လူငယ်ဖိုရမ်၊ “Two Countries, Twin Parks” Model ဖြင့် အာဆီယံ-တရုတ်စက်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ပေါင်းစည်းဆက်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဖလှယ်ရေးဆိုင်ရာအခမ်းအနား၊ အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ်တို့သို့ ပါဝင်တက်ရောက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖူးကျန့်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ကျောက်လောင်နှင့် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် မစ္စတာ ရှီကျုံးကျွင့်တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အာဆီယံ-တရုတ် ရက်သတ္တပတ်ကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ယခုနှစ်တွင် “Our Shared Future: Bridging ASEAN 2045 and Chinese Modernization” ခေါင်းစဉ်ဖြင့် တတိယအကြိမ်အဖြစ်လည်းကောင်းကျင်းပခြင်းဖြစ်သည်။ အာဆီယံ-တရုတ် ရက်သတ္တပတ်အခမ်းအနားများသည် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန် ရည်ရွယ်၍ အာဆီယံနှင့်တရုတ် ပူးပေါင်းဆောင်ရွက်မှုများ လူထုအသိပညာပေးရာတွင် ထူးခြားသော အခန်းကဏ္ဍမှ ပါဝင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတီထွင်ဆန်းသစ်မှု၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုတိုးတက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်ရေးဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆွေးနွေးပွဲတက်ရောက်သည့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန အနေဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများအား တစိုက်မတ်မတ်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိလျက်ရှိကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေအသိပညာ ပြန့်ပွားရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိစဉ်မှာပင် ဥပဒေအရာရှိများ၏ အဓိက လုပ်ငန်းဖြစ်သည့် တရားစွဲနှင့် အမှုလိုက် လုပ်ငန်းများတွင် စွမ်းဆောင်ရည် တိုးတက်ရန်၊ မှန်ကန်ရန်၊ အချင်းချင်း အပြန်အလှန်ဆွေးနွေးတိုင်ပင် နှီးနှော ရန်အတွက် အားသစ်လောင်းရန် လိုအပ်လျက်ရှိသဖြင့် ယခုဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားစွဲနှင့်အမှုလိုက်လုပ်ငန်းများဖြစ်သည့် ဥပဒေအကြံပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများအား တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခြင်း၊ အမှုပြီးပြတ်ချက်များနှင့် ပြင်ဆင်မှု၊အယူခံမှုများ ဆောင်ရွက်ရာတွင် ခရိုင်ဥပဒေအရာရှိများအနေဖြင့် အဓိကကိုင်တွယ်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများတွင် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများကို လိုအပ်ချက်များ ညွှန်ကြားဆောင်ရွက်ခဲ့သော်လည်း တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုဆွေးနွေးပွဲအားဆောင်ရွက်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲများကို ပုံမှန်ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဓိကအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနက ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအား အမှုကိုစတင် ကိုင်တွယ်ဆောင်ရွက်ရသည့် မြို့နယ်ဥပဒေအရာရှိ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများအနေဖြင့် သိရှိကျွမ်းကျင်နှံ့စပ်ရန် လိုအပ်သကဲ့သို့ ၎င်းတို့အား ကြီးကြပ် ဆောင်ရွက်နေရသည့် ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများအနေဖြင့်လည်း ကျွမ်းကျင်နှံ့စပ်ရန် လိုအပ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မှားယွင်းမှုများတွေ့ရှိရသည့်အတွက် ယခုဆွေးနွေးပွဲတွင် ဆွေးနွေးပြီး တစ်ပြေးညီ မူဝါဒများချမှတ်၍ လိုက်နာကျင့်သုံးရန်နှင့် မိမိလက်အောက် အဆင့်ဆင့်သို့ ပြန်လည်မျှဝေရန် ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများကို ပြင်ဆင်ရန်ရှိသဖြင့် ယခုဆွေးနွေးပွဲ၌ ပြင်ဆင်သင့်သည့်အချက်များအား ဆွေးနွေးကြစေလိုကြောင်း၊ ရွေးကောက်ပွဲနီးပြီဖြစ်သဖြင့် တိုင်းဒေသကြီး ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများအနေဖြင့် သက်ဆိုင်ရာတာဝန်များကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ဥပဒေအရာရှိ ၄၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကာလမှာ နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ရှေ့ဖုံးမှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တောင်တန်းဂေဟစနစ် ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝလာစေရန်၊ ရေအရင်းအမြစ်ဒေသများ ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ မျော၊ ထင်းများအား စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်းတော သစ်မျိုးများဖြစ်သည့် စကားဝါ၊ ခလောင်၊ ချယ်ရီ၊ ငါးပေါက်၊ ဆေးခါး၊ ယမနေ၊ တောင်တမာ၊ ရင်းမာ၊ ကညင်၊ မအူစသည့် ဒေသသစ်မျိုးများနှင့် ကရဝေး၊ ဆင်းတုံးမနွယ်၊ တောရှောက်၊ ကျားမှုတ်ဆိတ်၊ ကျားလက်ဝါး၊ ကျောက်ဂျင်းစသည့် ဆေးဘက်ဝင်အပင်များအားထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ မျောက်လွှဲကျော်၊ ချေ၊ ဆတ်၊ ဒရယ်နှင့် ကြက်တူရွေး၊ စွန်၊ သိန်းငှက်၊ အောင်လောင်စသော ကျေးငှက်မျိုးစုံများ၊ စပါးကြီး၊ စပါးအုံး၊ သင်းခွေချပ်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ်အင်ချွန်းတောင် ဧရိယာရှိ သဘာဝသစ်တောသစ်ပင်နှင့် ရေထွက်များထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းမည့် ရေထိန်းတော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ တာရိခ် ကာရီးမ်အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ တာရိခ်ကာရီးမ်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု၊ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ကဏ္ဍများအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပါကစ္စတန်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ ရန်ကုန်တက္ကသိုလ်၊ မင်းဓမ္မပညာ့ရိပ်သာအိမ်ရာနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများအတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲ သင်တန်းတက်ရောက်လျက်ရှိသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက Grade–12 စာမေးပွဲကြီးကြပ်ရေးလုပ်ငန်းစဉ်သည် စာမေးပွဲခန်းစောင့်ကိစ္စရပ်တစ်ခုတည်းမဟုတ်ဘဲ မေးခွန်းများ စာမေးပွဲခန်းအတွင်း ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်သည် တာဝန်ကြီးသည့်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း။

သင်တန်းမှပို့ချလိုက်သည်များကို သေချာစွာ မှတ်သားလိုက်နာပြီး စာမေးပွဲကြီးကြပ်လုပ်ငန်းများ အကောင်းဆုံးဖြစ်စေရန်နှင့် အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ကြစေလိုပါကြောင်း၊ စာမေးပွဲလုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန၏ အဓိကအရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ပြန်လည်ရောက်ရှိချိန်တွင် ဆင့်ပွားသင်တန်းများပို့ချရာ၌ ယခုသင်တန်းမှဆွေးနွေးပို့ချချက်များကို သင်တန်းသားသင်တန်းသူများ အပြည့်အဝရရှိစေရန် ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးထား အားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကို အားပေးစို့”ဆိုသည့် ဆောင်ပုဒ်၏ရည်ရွယ်ချက် အောင်မြင်ပေါက်မြောက်စေရန် ယခုဆွေးနွေးပွဲသင်တန်းသည် အရေးကြီးသည့်အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)သို့ရောက်ရှိပြီး မကြာမီ ကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ဥပမိရုပ်ကောင်းမွန်ရေး၊ တက္ကသိုလ်ပရိဝုဏ်အတွင်းနှင့် စာသင်ဆောင်များတွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖုန်များခွဲခြားသတ်မှတ်ပြီး စနစ်တကျကြီးကြပ်ဆောင်ရွက်ရေး၊ သစ်ပင်များ စိမ်းလန်းစိုပြည်သာယာလှပစေရန်အတွက် အလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မင်းဓမ္မပညာ့ရိပ်သာအိမ်ရာအတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် လှိုင်နယ်မြေဝန်ထမ်းအိမ်ရာရှိ သုံးထပ်ဆောင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ရန်ကုန်အဝေးသင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များနှင့်တွေ့ဆုံ၍ အဝေးသင်ပညာရေးကို အရည်အသွေးမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အဝေးသင်ပညာရေးစနစ် ပိုမိုကောင်းမွန်စေရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၈) ကျောင်းဆင်းစစ်ရေးပြအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း (၂၀၂၄–၂၀၂၅) ပညာသင်နှစ် အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၈) ကျောင်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံမြေတိုင်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီး၊ ကျောင်းဆင်းသင်တန်းသားများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ထူးချွန်ဆုရသင်တန်းသားများနှင့် စစ်ရေးပြအကောင်းဆုံးတပ်ခွဲအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကိုသင်ကြားပို့ချပေးခဲ့ရာ ယခု(၁၂၇)နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၆၇၂ ဦး ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းမှ သင်တန်းသားများအား စာတွေ့လက်တွေ့ ကျွမ်းကျင်တတ်မြောက်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တတိုးတက်ကောင်းမွန်လာစေရန်၊ ပြည်သူလူထုနှင့် ပူးပေါင်းပြီး ပြည်သူ့အကျိုး သယ်ပိုးလိုစိတ်ရှိလာစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားစွာ တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေရန် သင်ကြားပို့ချခဲ့ပါကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲသဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပြီး နောက်ဆက်တွဲဆိုးကျိုးများကို လူသားအားလုံး ခံစားနေရပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး ရည်မှန်းထားရှိပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဖိုးတန်သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရာတွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်မှု တားဆီးကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့်ခေတ်စနစ်နှင့်အညီ မျက်ခြည်မပြတ် လေ့လာနေရမည်ဖြစ်ပြီး ဝန်ကြီးဌာန၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရေး နိုင်ငံနှင့်ပြည်သူ့အကျိုးဆောင်ရွက်ရာတွင် ပြည်သူများ အကြည်အညိုပျက်စေမည့် အပြုအမူ၊ အကျင့်စရိုက်များ လုံးဝရှောင်ရှားကြပါရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးအား အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ခွဲများက စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြု၍ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။

ထို့နောက် အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၈) သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းသားများအားဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားကုန်သောက်ကုန်ကိုအခြေခံသော ကုန်ထုတ်လုပ်မှုကြီးမားသည့် MSME များ တိုးတက်ပြောင်းလဲနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

စားကုန်သောက်ကုန်ကို အခြေခံသော ကုန်ထုတ်လုပ်မှုကြီးမားသည့် MSME များ တိုးတက်ပြောင်းလဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများ၊ စားသောက်ကုန်နှင့် ဆက်နွယ်သည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာစားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု၊ ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီဥက္ကဋ္ဌများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီး၊ ငွေကြေးများထုတ်ချေးထားရှိမှု၊ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးမှု၊ ထုတ်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နေမှု၊ ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ထုပ်ပိုးမှုစနစ်များ အဆင့်အတန်းမီရေး ဆောင်ရွက်ပေးနေမှု၊ Digital Platform မှ ထုတ်ကုန်ပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက လုပ်ငန်းများ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ပံ့ပိုးပေးရမည့် အချက်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အထူးပြု ဆောင်ရွက်နိုင်သည့် စားသောက်ကုန် ပစ္စည်းများကို သိုလှောင်မှုစနစ်၊ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုနည်းပညာ၊ တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်နိုင်သည့် နည်းပညာများ၊ ငွေကြေးပံ့ပိုးမှုဆိုင်ရာလိုအပ်ချက်များ၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးစံနှုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းထုတ်လုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း တို့ကို ထိရောက်စွာဖြည့်ဆည်းဆောင်ရွက်ပေးလျှင် လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးမှ ရရှိလာသည့် အကြံပြုချက်၊ ဆွေးနွေးချက်များကိုအခြေခံ၍ အမြန်ဆုံး အကျိုးရှိအောင် ဆောင်ရွက်နိုင်မည့်မူဝါဒများ ချမှတ်နိုင်မည့် အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျှင် စားသောက်ကုန်ထုတ်လုပ်သည့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်တံ့သည့် အောင်မြင်မှုများကို ရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော အလုပ်သင်အစီအစဉ်အရ တတိယနှစ် ကျောင်းသား ကျောင်းသူ အလုပ်သင်မောင်မယ်များနှုတ်ခွန်းဆက်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သည့် လက်တွေ့လုပ်ငန်းခွင်အလုပ်သင်အစီအစဉ်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတို့တွင် အလုပ်သင်ဆင်းသည့် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ B.Com၊ B.Act၊ BBA အထူးပြု တတိယနှစ် ကျောင်းသား ကျောင်းသူ အလုပ်သင်မောင်မယ်များအား နှုတ်ခွန်းဆက်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အလုပ်သင် မောင်မယ်များ အနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အဓိကတာဝန်တစ်ရပ်ဖြစ်သော နိုင်ငံတော်အရအသုံးများ စစ်ဆေးခြင်းအပါအဝင် စာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့် နိုင်ငံတကာစံ(ISSAIs)လိုက်နာဆောင်ရွက်မှု၊ ရုံး၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး အတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကြီးကြပ်မှုပြုလုပ်ရာတွင် လိုက်နာရမည့် ဘဏ္ဍာရေး စည်းမျဉ်းများ၊ ငွေစာရင်းထိန်းသိမ်းရေး နည်းလမ်းများ၊ စာရွက်စာတမ်းများကို လုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့်ရုံးစာရေးသားနည်းများ စသည်တို့ကို စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ရငွေများ စီမံကြီးကြပ်ကောက်ခံမှု၊ အသုံးစရိတ်များကို ထိရောက်အကျိုးရှိစွာ သုံးစွဲမှုတို့ကိုစစ်ဆေးသည့် စစ်ဆေးရေးကဏ္ဍ၊ ဝန်ထမ်းရေးရာကဏ္ဍ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍများကိုလည်း စာတွေ့သာမက လက်တွေ့လေ့လာနိုင်မည့် အခွင့်အရေးလည်းရရှိမည် ဖြစ်ပါကြောင်း၊ ယခု အလုပ်သင်အစီအစဉ်တွင် ပညာရေးဝန်ကြီးဌာန၏ မဟာဗျူဟာတစ်ခုဖြစ်သည့် Industry နှင့် University ပေါင်းစပ်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုလည်းဖြစ်ပါကြောင်း၊ အလုပ်သင်ဆင်းခြင်းဖြင့် လုပ်ငန်းခွင်ပေါင်းသင်းဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များ တိုးတက်စေမည်ဖြစ်ပြီး ရရှိသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးခရီးလမ်းတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပါဝင်နိုင်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်သန္တာလေးက ရုံးအလုပ်သင်ဆင်းမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလုပ်သင်မောင်မယ် ၂၈ ဦးမှာ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ တတိယနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသားကျောင်းသူများဖြစ်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတွင် လေးဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတွင် ၂၄ ဦး အလုပ်သင်ဆင်းကြသည်။

ယင်းနောက် အလုပ်သင်မောင်မယ်များကိုယ်စား ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ စာရင်းကိုင်ပညာ ကျောင်းသူ မခင်ပြည့်စုံအောင်က အလုပ်သင်အတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် စီးပွားရေးတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ၊ နေပြည်တော်စာရင်းစစ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

# (၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးများကို မြန်မာနိုင်ငံဘဏ်များအသင်းက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။



(၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံနိုင်ငံဘဏ်အသင်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံဘဏ်များ အသင်း၏ (၅၂)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုကြကာ နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သော အမြဲတမ်းကော်မတီ (၃)ရပ်ဖြစ်သည့် Cooperation in Finance, Investment, Trade and Technology Committee (COFITT), ASEAN Inter–Regional Relation Committee (ASEAN IRR) နှင့် Banking Education Committee တို့၏ အစည်းအဝေး အစီရင်ခံစာများကို အတည်ပြုကြသည်။

ထို့နောက် အာဆီယံဘဏ်များအသင်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လက်ရှိဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်းက စင်ကာပူနိုင်ငံဘဏ်များအသင်းသို့ တာဝန်လွှဲအပ်ခြင်းနှင့် (၅၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးကျင်းပမည့် ကာလနှင့် နေရာတို့ကို ဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာတွင် ကျင်းပရန် လျာထားသတ်မှတ်ကြောင်း ကြေညာပြီး အာဆီယံဘဏ်များအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကိုမိုး**

# E2A2 ဖြင့် AI ဆိုင်ရာ A2/AD ကို ကျော်လွှားခြင်း
# လုပ်ငန်းခွင်တွင် တာဝန်သိစွာ AI ကို လက်ခံအသုံးပြုခြင်း ဆိုရာဝယ် . . .

မောင်မောင်လင်း

**ယနေ့ခေတ်အဖွဲ့အစည်းတစ်ခုရဲ့ အနာဂတ်အောင်မြင်မှုကို အဆုံးအဖြတ်ပေးမယ့် အရေးအကြီးဆုံးအကြောင်းရင်းကတော့ Artificial Intelligence (AI) ကို ထိရောက်စွာအသုံးချနိုင်မှုပဲဖြစ်တယ်ဆိုတာ လူတိုင်းနီးပါး လက်ခံထားကြပါတယ်။ ဒါပေမဲ့ များစွာသော အဖွဲ့အစည်းတွေအတွက်ကတော့ AI ဆိုတာ စိတ်ကူးယဉ်မျှော်လင့်ချက်တစ်ခုအဖြစ်သာရှိနေဆဲဖြစ်ပြီး အောင်မြင်တဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းဖြစ်စေဖို့အတွက် စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။**

**AI ဆိုင်ရာ A2/AD**

ဒီအခြေအနေကို AI ဆိုင်ရာ A2/AD လို့ ကျွန်တော့်အနေနဲ့ သုံးနှုန်းလိုပါတယ်။ ဒါကတော့ **"Anti-Access/ Area Denial"** ဆိုတဲ့ စစ်ဘက်ဆိုင်ရာမဟာဗျူဟာ သဘောတရားတစ်ခုကို ငှားယူသုံးစွဲထားတာပါ။ A2 /AD ဆိုတဲ့ စစ်ရေးမဟာဗျူဟာကို အမေရိကန်တို့က စတင်အသုံးပြုခဲ့ပေမယ့် တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့က လက်တွေ့အထိရောက်ဆုံး အသုံးချခဲ့ကြပါတယ်။ တရုတ်နိုင်ငံရဲ့ "Anti-intervention" မဟာဗျူဟာမှာ တောင်တရုတ်ပင်လယ်အတွင်းရှိ အမေရိကန်ရေတပ်ကို တန်ပြန်နိုင်ဖို့ ဒုံးကျည်စခန်းတွေ တည်ဆောက်တာမျိုး ဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ "Bastion" မဟာဗျူဟာကတော့ အစဉ်အလာအရ P-800 Oniks ဒုံးကျည်တွေကို အသုံးပြုပြီး ပင်လယ်နက်ဒေသတွေကို ရှေ့တန်းကျကျ ထိန်းချုပ်ထားတာမှာ Kalibr ခရုဇ်ဒုံးကျည်တွေနဲ့ပါ ပင်လယ်နက်ဒေသအတွင်းသို့ အမြန်နှုန်းနဲ့ တိကျမှုကို တိုးချဲ့အသုံးပြုပြီး ကာကွယ်ထားတာမျိုး ဖြစ်ပါတယ်။

ဒီစစ်ရေးသဘောတရားကို AI နယ်ပယ်မှာ မွေးစားလိုက်ခြင်းဖြင့် AI ဆိုင်ရာ A2/AD ဆိုတာ **"အဖွဲ့အစည်းများအတွင်း AI ဝင်ရောက်ခြင်းကို လုံးဝတားဆီးခြင်း (Anti-Access) နဲ့ ဝင်ရောက်ခွင့်ရပေမယ့် အပြည့်အဝအသုံးမချနိုင်အောင် ပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခြင်း (Area Denial)"** ဆိုပြီး ဖြစ်သွားပါတယ်။ တစ်နည်းဆိုရရင် AI ကို လုံးဝမသုံးစွဲနိုင်ခြင်း (Anti-Access)နဲ့ သုံးစွဲလိုပေမယ့် ခွင့်ပြုချက်၊ ယဉ်ကျေးမှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ကန့်သတ်ချက်တွေကြောင့် ဟန့်တားခံရခြင်း (Area Denial)လို့ ရည်ညွှန်းလိုခြင်း ဖြစ်ပါတယ်။

**AI ဆိုင်ရာ A2/AD ၏ စိန်ခေါ်မှုများ**

AI ကို လက်တွေ့လုပ်ငန်းခွင်အတွင်း မိတ်ဆက်အသုံးပြုရာမှာ ဖြတ်ကျော်ဖို့ ခက်ခဲတဲ့အတားအဆီး (Barriers) သုံးမျိုး ရှိပါတယ်။ ဒါတွေကတော့-

| စိန်ခေါ်မှု အမျိုးအစား | အဓိက စိုးရိမ်ချက်များ |
|---|---|
| နည်းပညာပိုင်းဆိုင်ရာ (A2) | ဒေတာအချက်အလက်ပေါက်ကြားမှု/ လုံခြုံရေးအားနည်းချက်များ |
| ဥပဒေနှင့် စည်းမျဉ်းပိုင်း ဆိုင်ရာ (AD) | ဥပဒေလိုက်နာမှု (GDPR – General Data Protection Regulation နဲ့ Data Privacy) / မူပိုင်ခွင့်ဆိုင်ရာ ပြဿနာများ |
| လူသားအပြုအမူပိုင်း ဆိုင်ရာ (Behavioral Denial) | Ego (AI သည် ကိုယ့်နေရာကို ဝင်ယူမည် ဆိုသည့် စိုးရိမ်မှု) / Fear of Error (အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်း) |

**❝ AI ကို ပညာရှိစွာ လက်ခံအသုံးပြုတဲ့ အဖွဲ့အစည်းဟာ နည်းပညာအဆင့်မှာသာမက မူဝါဒ၊ ယဉ်ကျေးမှုနဲ့ စိတ်ဓာတ်ရေးရာ အဆင့်တွေမှာပါ ခေတ်မီတိုးတက်တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်လာမှာ မလွဲကေန်ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် AI ကို လုံးဝမသုံးတဲ့ အဖွဲ့အစည်းက နောက်ကျသွားမယ်။ AI ကို တာဝန်မဲ့စွာအသုံးပြုတဲ့ အဖွဲ့အစည်းက အန္တရာယ်ရှိမယ်။ AI ကို တာဝန်သိစွာ အသုံးပြုတဲ့ အဖွဲ့အစည်းကသာ ရှေ့ဆက်ပြီး ခေတ်နှင့်အမီ လိုက်နိုင်မှာဖြစ် ❞**

ဒီအကြောင်းရင်းတွေက နည်းပညာပိုင်းအရသာမက လူသားတွေရဲ့ စိတ်ခံစားချက်တွေ၊ ယဉ်ကျေးမှုဆိုင်ရာ သဘောထားတွေနဲ့လည်း ဆက်စပ်နေတာကို တွေ့မြင်ရမှာဖြစ်တာကြောင့် ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အဖွဲ့အစည်းအနေနဲ့ စနစ်တကျ ချဉ်းကပ်ဖို့ လိုအပ်ပါတယ်။

**E2A2 Framework (E2A2 မူဘောင်) ဖြေရှင်းချက်**

AI ဆိုင်ရာ A2/AD ဆိုတဲ့ အတားအဆီးကို ကျော်လွှားနိုင်ဖို့အတွက် E2A2 Framework လို့ခေါ်တဲ့ ဗျူဟာတစ်ရပ်ကို တင်ပြလိုပါတယ်။ E2A2 ဆိုတာကတော့ Enablement၊ Engagement၊ Access၊ Adoption ဆိုတာဖြစ်ပြီး AI ကို တာဝန်သိစွာ အသုံးပြုနိုင်ဖို့ အဖွဲ့အစည်းတစ်ခုလုံးအတွက် လမ်းညွှန်ပေးထားတဲ့ မူဘောင်တစ်ခုပဲ ဖြစ်ပါတယ်။

| အစိတ်အပိုင်း | အဓိကအာရုံစိုက်မှု | ကျော်လွှားရမည့် A2/AD |
|---|---|---|
| Enablement (အထောက်အကူပြု) | စည်းမျဉ်း၊ ပေါ်လစီနှင့် နည်းပညာအခြေခံ အဆောက်အအုံ | ဒေတာ အချက်အလက် ပေါက်ကြားမှု/ ဥပဒေလိုက်နာမှု ပြဿနာများ |
| Engagement (ပါဝင်ပတ်သက်) | ဝန်ထမ်းပညာပေးမှု၊ ယဉ်ကျေးမှု၊ ဆက်သွယ်မှု | Ego / အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်း |
| Access (အသုံးပြုခွင့်) | သင့်လျော်သော AI ကိရိယာများနှင့် စမ်းသပ်ခွင့် | စမ်းသပ်ဖို့ ကြောက်ရွံ့မှု |
| Adoption (လက်ခံအသုံးပြု) | နေ့စဉ်လုပ်ငန်းစဉ်ထဲ ထည့်သွင်း အသုံးပြုခြင်း | အမှန်တကယ် စွမ်းဆောင်ရည် မြှင့်တင်ခြင်း |

**E2A2 ကို အကောင်အထည်ဖော်ခြင်း (လက်တွေ့နည်းလမ်းများ)**

(က) **Enablement & Access – လုံခြုံရေးနဲ့ ဥပဒေလိုက်နာမှု ဖြေရှင်းချက်။** အဖွဲ့အစည်းတွေအတွက် AI စနစ်တစ်ခုလုံး အသစ်တည်ဆောက်ဖို့ ဘတ်ဂျက်ကြီးကြီးမားမား မလိုအပ်ပါဘူး။ တူကီယဲဘာသာစကားနဲ့ အစားထိုးမှုလို့ အဓိပ္ပာယ်ရတဲ့ Bunun yerine Hybrid External AI Strategy ကို အသုံးပြုနိုင်ပါတယ်။ ဆိုလိုတာကတော့ အပြည့်အစုံ AI စနစ်အသစ် တည်ဆောက်တာမျိုး မလုပ်ဘဲ ဈေးကွက်မှာရှိပြီးဖြစ်တဲ့ မတူညီသော AI ကိရိယာတွေကို ၎င်းတို့ရဲ့အားသာချက်အလိုက် ရောစပ်အသုံးပြုတာမျိုးပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ အောက်မှာဖော်ပြထားတဲ့အချက်တွေကို လိုက်နာရပါမယ်-

(၁) **ဒေတာပေါက်ကြားမှု (Data Leakage) ကို ကာကွယ်ရန်**

(ကက) လျှို့ဝှက်ဒေတာတွေကို အများသုံး AI တွေထဲ မထည့်သွင်းဖို့ ပေါ်လစီချမှတ်ပါ။

(ခခ) အရေးကြီးဒေတာတွေကို ကိုင်တွယ်ရသူတွေအတွက်သာ Enterprisetier AI (ဥပမာ – Microsoft Copilot) ကဲ့သို့သော လုံခြုံရေးအဆင့်မြင့် AI တွေ အသုံးပြုခွင့်ပေးပါ။

(၂) **အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်း (Fear of Error) ကို လျှော့ချရန်**

"Sandbox Environment" တည်ဆောက်ပါ။ ဝန်ထမ်းတွေအနေနဲ့ AI ကို စမ်းသပ်သုံးစွဲနိုင်တဲ့ လုံခြုံပြီးဘေးကင်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးတာမျိုးနဲ့ စမ်းသပ်ရဲတဲ့ စိတ်ကို မြှင့်တင်ပေးပါ။

Sandbox Environment ဆိုတာ ကလေးတွေ ဆော့ကစားနိုင်ဖို့ သဲပုံးတစ်ခု လုပ်ပေးထားတာမျိုးပါ။ သူတို့က သဲကိုသုံးပြီး လိုချင်တာ ပုံဖော်ဖန်တီးမယ်၊ မကြိုက်ရင်ပြန်ဖျက်မယ်။ အသစ်ပြန်ဆောက်မယ်၊ ကြိုက်သလို ဆော့ကစားစေတာပါ။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာ သဲတွေနဲ့ ရှုပ်ပွမသွားဖို့တော့ ပုံးလိုမျိုး အကာအရံထားရမယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဌာနရဲ့ Internet နဲ့ ချိတ်ဆက်မထားတဲ့ AI စမ်းသပ်စနစ်ထဲမှာ ဝန်ထမ်းတွေကို စိတ်ကြိုက်လေ့ကျင့်ခွင့်ပေးတာမျိုး ဖြစ်ပါတယ်။ နမူနာအားဖြင့် Laptop တစ်လုံးထဲမှာ အခြားအချက်အလက်တွေ မထည့်သွင်းဘဲ AI Chatbot နဲ့ ချိတ်ဆက်ဖို့သာလိုမယ့် Apps တွေကိုပဲ ထားရှိတာမျိုး ဖြစ်ပါတယ်။

(ခ) **Engagement & Adoption – လူသားအပြုအမူကို ပြောင်းလဲခြင်း**

(၁) **Ego ကို ဖြေရှင်းရန် – Peer-Led Approach**

(ကက) AI ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူတွေကို "AI Champions" အဖြစ် ခန့်အပ်ပြီး အခြားဝန်ထမ်းတွေကို သင်ကြားပေးဖို့ တာဝန်ပေးပါ။

(ခခ) "AI ဟာ အစားထိုးသူမဟုတ်၊ ကူညီသူဖြစ်တယ်" ဆိုတဲ့ မက်ဆေ့ချ်ကို အဖွဲ့အစည်းအတွင်း တည်ဆောက်ပါ။

(၂) **အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်း (Fear of Error) ကို ဖြေရှင်းရန် – Management-Led Coaching**

(ကက) မန်နေဂျာများက AI အသုံးပြုရာမှာ ဖြစ်ပေါ်လာတဲ့ အမှားတွေကို ပြစ်တင်ဝေဖန်ခြင်းမဟုတ်ဘဲ သင်ခန်းစာယူရန် အခွင့်အရေးအဖြစ် လက်ခံပေးပါ။

(ခခ) AI ရဲ့ မှားယွင်းနိုင်စွမ်း (Hallucination) ကို Error Analysis ပြုလုပ်ဖို့ သင်ခန်းစာအဖြစ် အသုံးချခြင်းဖြင့် အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို တိုးတက်စေနိုင်ပါတယ်။

**လုပ်ငန်းတာဝန်အလိုက် သင့်တော်သော AI ကိရိယာများနှင့် ဗျူဟာ**

| လုပ်ငန်းတာဝန် | သင့်လျော်သော AI | အကြောင်းပြချက် | သတိထားရမည့်အချက် |
|---|---|---|---|
| အချက်အလက်ရှာဖွေခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ဒေတာစိစစ်ခြင်း | Perplexity | အရင်းအမြစ်ပါ ဒေတာများနှင့် ကိုးကားချက်များ ပေးသောကြောင့် ယုံကြည်စိတ်ချရမှု မြင့်မားသည်။ အထူးသဖြင့် Quality Control အတွက် ကောင်းမွန်သည်။ | ရှာဖွေရေး မေးခွန်း (Query) ကို ရှင်းလင်း တိကျစွာ မေးမြန်း တတ်ရန် လိုအပ်သည်။ |
| အကျဉ်းချုပ်ပြုစုခြင်း၊ စာရွက်စာတမ်း မူကြမ်း ရေးသားခြင်း | Microsoft Copilot | Microsoft Ecosystem (Word, Excel) နှင့် တိုက်ရိုက် ပေါင်းစပ် အလုပ်လုပ်နိုင်ပြီး လုံခြုံရေးအဆင့် မြင့်မားသည်။ | ကုန်ကျစရိတ် ရှိနိုင်သည်။ ကုမ္ပဏီ မဟာဗျူဟာ နှင့် ကိုက်ညီမှု ရှိရမည်။ |

စာမျက်နှာ ၇ သို့ ❍

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၃၆ ရက်

သာ လိုတော့သည်။

## ပေါင်မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားမှု ကွင်းဆင်းစစ်ဆေး



ပေါင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဒုတိယအကြိမ်မဲစာရင်းများ ကပ်ထားသည့်နေရာများကို ယနေ့ နံနက်ပိုင်းက သတ်မှတ်ရပ်ကွက်/ကျေးရွာများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနဦးစီးမှူး ဦးမောင်မောင်မြင့်၊ ခရိုင်ကော်မရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားမှူး ဦးကျော်စိုး၊ ပေါင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ သထုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံလှဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေမျိုးနှင့်အဖွဲ့ဝင်များက ပေါင်မြို့ပေါ်ရှိ မိုးနိုင်၊ ပေါင်း၊ ကဒုံစီးရပ်ကွက်နှင့် ပေါင်(ကွဲခြံ) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့တွင် မဲဆန္ဒရှင်စာရင်းကပ်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မိုင်းရယ်မြို့နယ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

မိုင်းရယ် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် တက်ရောက်နေသည့်ကျောင်းသားကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယမန်နေ့က မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မကြာမီ ဖွင့်လှစ်တော့မည့် မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ တက်ရောက်ကြမည့် မိုင်းရယ်မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။



**မိုင်းရယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

❍ စာမျက်နှာ ၆ မှ

| လုပ်ငန်းတာဝန် | သင့်လျော်သော AI | အကြောင်းပြချက် | သတိထားရမည့်အချက် |
|---|---|---|---|
| ဘာသာပြန်ဆိုခြင်း၊ မိန့်ခွန်းရေးသားခြင်း၊ Creative Content များ ဖန်တီးခြင်း | ChatGPT/ Google Gemini | စာရေးဆရာနှင့် ဖန်တီးမှုဆိုင်ရာ အကြောင်းအရာများအတွက် အထူးသင့်လျော်သည်။ | Access Policy ကို တင်းကျပ်စွာ သတ်မှတ်ထားရန် လိုအပ်သည်။ ထုတ်လုပ်သည့် အကြောင်းအရာ (Output)ကို လူသားများက ပြန်လည်စိစစ်ရမည်။ |
| မြန်မာဘာသာဖြင့် ရှင်းလင်းရေးသားခြင်း၊ နက်ရှိုင်းသော ခွဲခြမ်းစိတ်ဖြာခြင်း | DeepSeek | မြန်မာဘာသာစကားကို ကောင်းမွန်စွာ နားလည်သဘောပေါက်ပြီး ရှည်လျားသော အကြောင်းအရာများကို စီမံခန့်ခွဲနိုင်စွမ်းရှိသည်။ | မကြာခဏ မွမ်းမံပြင်ဆင်ခြင်း (Update) မရှိသဖြင့် နောက်ဆုံးထုတ် သတင်းအချက်အလက်များနှင့် အတိအကျ မကိုက်ညီနိုင်ခြင်း။ |
| တုံ့ပြန်ချက် မြန်ဆန်ခြင်း၊ အပြန်အလှန် ဆက်သွယ်ခြင်း | Grok | လက်ရှိအချိန်တွင် ရရှိနိုင်သော သတင်းအချက်အလက်များကို ပေးစွမ်းနိုင်ပြီး စိတ်ဝင်စားဖွယ် အပြန်အလှန် ဆက်သွယ်မှု ပုံစံရှိသည်။ | ရလဒ်များသည် ပိုမိုပေါ့ပါးပြီး တစ်ခါတစ်ရံတွင် စီးပွားရေးလုပ်ငန်း ဆန်ဆန် အသုံးမပြုနိုင်ခြင်း။ |
| အခြေခံအချက်အလက်များ မြန်ဆန်စွာ ရှာဖွေအတည်ပြုခြင်း | Google Gemini | Google Search Ecosystem နှင့် ကောင်းမွန်စွာ ပေါင်းစပ်ထားသည်။ အခမဲ့ဗားရှင်းဖြင့် အသုံးပြုနိုင်သည်။ | ရှာဖွေရေးရလဒ်များ အပေါ် အလွန်အမင်း မှီခိုအားထားရခြင်း၊ တစ်ခါတစ်ရံ ဘက်လိုက်မှု ရှိနိုင်ခြင်း။ |

### AI ကို Collaborative Partner မှ Strategic Partner အဖြစ် မြှင့်တင်ခြင်း

အထက်မှာတင်ပြထားသလို E2A2 မူဘောင်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရင် AI ဟာ ရိုးရိုးကိရိယာ (Tool) အဆင့်မှ တစ်ဆင့် ပူးပေါင်းလက်တွဲဖော် (Collaborative Partner) အဆင့်ကို ရောက်ရှိပြီး နောက်ဆုံးမှာ မဟာဗျူဟာလက်တွဲဖော် (Strategic Partner) အဆင့်သို့ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့စပ်လျဉ်းလို့ ဥပမာတစ်ခုပြသလိုပါတယ်။ ဒါကတော့ အယ်ဘေးနီးယားနိုင်ငံမှာဆိုရင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ အတွင်းက "Diella" ဆိုတဲ့ AI စနစ်ကို သမ္မတအမိန့် ပြဋ္ဌာန်းချက်အရ AI နိုင်ငံတော်ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ် Edi Rama က ဒီခြေလှမ်းဟာ ခြစားမှုတိုက်ဖျက်ရေးပြုပြင်ပြောင်းလဲမှုတွေရဲ့ အစိတ်အပိုင်းဖြစ်ပြီး အစိုးရတင်ဒါတွေကို "ခြစားမှု ၁၀၀ ရာခိုင်နှုန်းကင်းစင်ရေး" ရည်ရွယ်တယ်လို့ ပြောခဲ့ပါတယ်။ Diella ရဲ့ ဝန်ကြီးတာဝန်တွေဟာ အထူးသီးသန့်ဖြစ်ပြီး အဓိက လုပ်ဆောင်ချက်အနေနဲ့ တင်ဒါလုပ်ငန်းစဉ်တွေမှာ ပွင့်လင်းမြင်သာမှုရှိစေဖို့ ဒီဇိုင်းဆွဲထားတာဖြစ်ပါတယ်။ ဒါပေမဲ့ လူသားတွေရဲ့ ကြီးကြပ်မှုက အရေးကြီးတဲ့အချက်ဖြစ်လို့ Diella ရဲ့ဆုံးဖြတ်ချက်တွေဟာ "အကြံပြုချက်တွေ" သာဖြစ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက် မဟုတ်ပါဘူး။ သက်ရှိ လူသားအရာရှိတစ်ဦးဦးက အမြဲလက်မှတ်ရေးထိုး အတည်ပြုရမှာဆိုတာမျိုးနဲ့ လူသားတွေရဲ့ တာဝန်ယူမှုကို ဆက်လက်ထိန်းသိမ်းထားပါတယ်။

နောက်ထပ်တိုးချဲ့မှုအနေနဲ့လည်း ဝန်ကြီးချုပ် Edi Rama က Diella ဟာ ကိုယ်ဝန်ရှိနေပြီး ဒစ်ဂျစ်တယ် "ကလေး" ၈၃ ယောက် မွေးဖွားတော့မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါတွေဟာ ပါလီမန်အမတ်တွေကို ကူညီပေးဖို့ ဒီဇိုင်းဆွဲထားတဲ့ AI အကူတွေဖြစ်ပြီး အစည်းအဝေးတွေမှာ မှတ်တမ်းတင်တာနဲ့ အချက်အလက်အခြေပြု အကြံဉာဏ်တွေပေးတာတွေ လုပ်ဆောင်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီခြေလှမ်းဟာ E2A2 Framework ရဲ့ Enablement နဲ့ Access အဆင့်တွေကို အထိရောက်ဆုံး အကောင်အထည်ဖော်ခြင်းဖြစ်ပြီး AI ကို ကိရိယာ (Tool) အဆင့်မှ မဟာဗျူဟာလက်တွဲဖော် (Strategic Partner) အဆင့်သို့ တိုက်ရိုက်တင်မြှောက်ခြင်းရဲ့ လက်တွေ့ဥပမာတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေအနေနဲ့လည်း အနာဂတ်မှာ AI Research Assistant၊ AI Compliance Officer စတဲ့ ရာထူးသစ်တွေကို ဖန်တီးခြင်းမျိုးနဲ့ AI ကို အဖွဲ့အစည်းအတွင်း တရားဝင် အခန်းကဏ္ဍတစ်ခုအဖြစ် ပေါင်းစည်းနိုင်ဖို့ ရည်ရွယ်ထားရှိသင့်ပါတယ်။

AI–A2/AD ဆိုတာ လုပ်ငန်းခွင်မှာ AI ကို အသုံးပြုတဲ့အခါ ရင်ဆိုင်ရတဲ့ အတားအဆီးတွေကို လွှမ်းခြုံနေသော နက်ရှိုင်းတဲ့ အတားအဆီးတစ်ခုဖြစ်ပေမယ့် E2A2 Framework ကို စနစ်တကျ အသုံးပြုမယ်ဆိုရင် အဖွဲ့အစည်းတစ်ခုလုံးအနေဖြင့် တာဝန်သိ၊ လုံခြုံပြီး တန်ဖိုးရှိသော AI အသွင်ပြောင်းခြင်းတစ်ရပ်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ AI ကို ပညာရှိစွာ လက်ခံအသုံးပြုတဲ့ အဖွဲ့အစည်းဟာ နည်းပညာအဆင့်မှာသာမက မူဝါဒ၊ ယဉ်ကျေးမှုနဲ့ စိတ်ဓာတ်ရေးရာအဆင့်တွေမှာပါ ခေတ်မီတိုးတက်တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်လာမှာ မလွဲဧကန်ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် **AI ကို လုံးဝမသုံးတဲ့ အဖွဲ့အစည်းက နောက်ကျသွားမယ်။ AI ကို တာဝန်မဲ့စွာ အသုံးပြုတဲ့ အဖွဲ့အစည်းက အန္တရာယ်ရှိမယ်။ AI ကို တာဝန်သိစွာ အသုံးပြုတဲ့ အဖွဲ့အစည်းကသာ ရှေ့ဆက်ပြီး ခေတ်နှင့်အမီ လိုက်နိုင်မှာ ဖြစ်ပါကြောင်း** ရေးသားတင်ပြလိုက်ရပါတယ်။ ။

# အငှမအကြိမ် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၁**

၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် ကျရောက်သည့် ထားဝယ်တိုင်းရင်းသားတို့၏ အငှမအကြိမ် ထားဝယ်အမျိုးသားနေ့အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ထားဝယ်မြို့ တလိုင်းမရပ်ကမ်းနားလမ်း ပြည်သူ့အပန်းဖြေရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



**စိုက်ထူပြီး အလေးပြု**

ဦးစွာ ထားဝယ်အမျိုးသားအလံအား ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)အဖွဲ့က စင်မြင့်ထက်တွင် စိုက်ထူပြီး အလေးပြုကြသည်။

ထို့နောက် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို) နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒေသဘာသနှင့် ဇေယျဝတီစာသင်တိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသတို့က ဩဝါဒကထာ မြွက်ကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြား၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးက ထားဝယ်အမျိုးသားနေ့အတွက် လှူဒါန်းသော ငွေကျပ် ၇၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေးအပ်ရာ ထားဝယ်လူမျိုးစုစည်းမှု ကော်မတီ(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ထားဝယ်အမျိုးသားစွမ်းဆောင်ရည်ဆုရရှိသည့် ဇောတိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒနှင့် ဦးအောင်စိုး(သင်္ဂဟ)တို့အား ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို) ဥက္ကဋ္ဌဦးအောင်မျိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ထားဝယ်အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကော်မတီ(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးညွန့်ဝင်းက ထားဝယ်အမျိုးသားနေ့ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

**ကပြဖျော်ဖြေ**

ထို့နောက် ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ရေအိုးရွက်အက၊ တစ်ပင်တိုင်အက၊ ယမ်းအက တေးသီချင်းများဖြင့် သီဆိုဧည့်ခံကပြဖျော်ဖြေသည်။

ထို့ပြင် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ လာရောက်ကြည့်ရှုသူများကို ထားဝယ်ဂီတအနုပညာရှင်များနှင့် ဝါသနာရှင်များက စတိတ်ရှိုးဖျော်ဖြေရေး အစီအစဉ်များဖြင့် သီဆိုဧည့်ခံဖျော်ဖြေကာ ကမ်းနားလမ်းတစ်လျှောက်တွင် ဈေးရောင်းပွဲတော်၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၄) ရဲသူရတပ်ခွဲ၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။





သင်တန်းဆင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် မျိုးမင်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ်၊ ဗဟိုမီးသတ် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများအား စစ်ဆေးပြီး ဒုတိယ ရဲအုပ်လောင်းများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အကောင်းဆုံးကျောင်းသား ဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကျော်လင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေယံ၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များ အဖြစ် တာဝန်ယူကြရတော့မည့်သူများ အနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့ကို တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်း ရှိအောင် ဦးဆောင်နိုင်ရမည် ဖြစ်သလို မိမိကိုယ်တိုင်လည်း အရာရာတွင် စံပြဖြစ်အောင် လိုက်နာကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် “နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော် တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်” ဟူသည့် အစဉ်အလာကောင်းနှင့် အညီ တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံ ပြည်သူလူထုနှင့် လက်တွဲပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် အကြမ်းဖက်မှုများကို နှိမ်နင်းရာတွင် ရဲစွမ်းသတ္တိအရင်းခံ၍ ရန်သူအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်ငါးပါးမှ ပဉ္စမအချက်ဖြစ်သည့် “ရန်သူ၏ စိတ်ဓာတ်ကို ယတိပြတ်ချိုးနှိမ်၍ အပြီးသတ်အောင်ပွဲခံယူပါ”ဆိုသည့် ကျင့်ဝတ်နှင့် အညီ ကျင့်ကြံကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း တိုင်းပြည်နှင့် လူမျိုးအတွက်စွန့်လွှတ်စွန့်စားတာဝန် ထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများ ချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုသည့်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်မြဲရေးကို အသက်ပေးကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန် ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့် အညီ ပြောင်းလဲ တိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာနှင့် မှုခင်းကျူးလွန်မှုပုံသဏ္ဌာန်များကို စဉ်ဆက်မပြတ်လေ့လာသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်းဗဟိုခန်းမ၌ ကျင်းပသည့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄)၏ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် မျိုးမင်းထိုက်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောက်မယ်မြို့နယ်၌ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မောက်မယ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် အထက(မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သည်။

ဦးစွာ မောက်မယ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုများကိုလည်းကောင်း၊ မိုးနဲမြို့နယ် သစ်တောဦးစီးမှူး ဦးစိုင်းကျော်အောင်အောင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ ရှင်းလင်းဟောပြောပြီး ရှင်းလင်းဆွေးနွေးချက်များအပေါ် မေးခွန်းများ မေးမြန်းရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများထဲမှ အဖြေမှန်သောသူများအား မောက်မယ်သစ်တော တာဝန်ခံ ဦးဇော်ညို က လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောက်မယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ဟိုတယ်/တည်းခိုခန်းများအား မီးဘေးလုံခြုံမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက မီးသတ်ဦးစီးမှူး ဦးကျော်သူရ ဦးဆောင်သော ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မေချို



**KK Parkမှ**

မြဝတီ-မဲထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံး ရှိသည့်အနက် ယနေ့တွင် ၁၄ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့စတုတ္ထနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ ရှင်းယုံလီဝန်းအတွင်းရှိ ၁၂ ထပ် အဆောက်အအုံ သုံးလုံးနှင့် ကိုးထပ် အဆောက်အအုံ သုံးလုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ Star Link ဘန်း ၁၀၁ လုံးနှင့် Router ၂၁ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိသည့် အဆောက်အအုံအား ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၁၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၆ ဦး၊ ကင်ညာနိုင်ငံသား ၁၄ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၇၅ ဦး၊ တောင်အာဖရိကနိုင်ငံသား ရှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၉ ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယား နိုင်ငံသားနှစ်ဦး၊ မော်ရိုကိုနိုင်ငံသားတစ်ဦး၊ မာလဝီနိုင်ငံသားတစ်ဦး၊ ကင်မရွန်းနိုင်ငံသားခြောက်ဦး၊ မွန်ဂိုလီးယားနိုင်ငံသားတစ်ဦးနှင့် တရုတ်(တိုင်ပေ)မှ တစ်ဦး စုစုပေါင်း ၃၅၁ ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ် ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၆၇ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်းအလုံး၂၁၇၅၀၊ Star Link ဘန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံခြားသား ၃၅၁ ဦးအား ဖမ်းဆီးထိန်းသိမ်းရရှိမှုကို တွေ့ရစဉ်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၂၀၇ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၆၄၀ ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





KK Park အတွင်းရှိ အဆောက်အအုံတစ်ခုအတွင်း၌ ဖြုတ်သိမ်းထားသည့် Star Link များကို တွေ့ရစဉ်။





KK Park အတွင်း လူနေအဆောက်အအုံ လေးထပ် C 12 ကို မဖောက်ခွဲမီနှင့် ဖောက်ခွဲပြီး မြင်တွေ့ရစဉ်။





KK Park အတွင်း လူနေအဆောက်အအုံ လေးထပ် C 3 ကို မဖောက်ခွဲမီနှင့် ဖောက်ခွဲပြီး မြင်တွေ့ရစဉ်။





KK Park အတွင်း လူနေအဆောက်အအုံ လေးထပ် C9 ကို မဖောက်ခွဲမီနှင့် ဖောက်ခွဲပြီး မြင်တွေ့ရစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲ ရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၂၁

အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဥ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်း(အုပ်စုအေနှင့် အုပ်စုဘီ)တို့မှ အတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် ၁၀၀၁ မှ ၂၀၀၀ အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ ပဥ္စမနေ့တွင် ကျောက်စိမ်း(အုပ်စုအေနှင့် အုပ်စုဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲတို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကာ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၆ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့နယ် ချင်းတွင်းတံတား(ထမံသီ)တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များ လွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်မှ ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းတံတား(ထမံသီ) ချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းပခုံးများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်နေမှု၊ တံတားသစ်ကြီး အပေါ်ရှိ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှု၊ တံတားလက်ရန်းများ တပ်ဆင်နေမှုများနှင့် တံတားကြီး တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးသည်။



အဆိုပါချင်းတွင်းမြစ်ကူးတံတား (ထမံသီ)သည် ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ (HFL)ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြို့မဈေးအတွင်း၌ နိုဝင်ဘာ ၂၀ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းထွဋ်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးမီးဘေးလုံခြုံရေးအဖွဲ့များ ပူးပေါင်းကာ အောက်ဆီဂျင်ဖြတ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသလေ့ကျင့်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများရှိ အများပြည်သူတို့၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်း အသိပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၉ ရက်က ရပ်ကွက်များအတွင်း လှည့်လည်စစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)

# အုတ်တွင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ဟောပြောပွဲကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်း(ဗောဓိကုန်း)ကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မင်းတုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

မင်းတုန်း နိုဝင်ဘာ ၂၁

မကွေးတိုင်း ဒေသကြီး မင်းတုန်းမြို့နယ် မင်းရွာကိုင်း ကျေးရွာအုပ်စု တောင်သူ ဦးဇော်ဌေးဦး၏ လယ်မြေတွင် မိုးစပါး ၁ ဒသမ ၁၈ ဧက စိုက်ခင်းကို ယနေ့နံနက် ၈ နာရီခွဲက သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရာ တစ်ဧကလျှင် စပါးအစို တင်း ၁၁၀ ထွက်ရှိသည်။



**တက်ရောက်**

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ မိုးစပါးစိုက်ခင်းသည် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်သော မျိုး၊ မြေ၊ ရေ၊ နည်း တို့အား စိုက်ပျိုးရေးဦးစီးဌာနမှ အချိန်ကိုက် မှန်ကန်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့နံနက် ၁၁ နာရီ ၈ မိနစ် ၂၈ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၄၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(Bangladesh)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒသမ ၆၈ ဒီဂရီ၊ အနက် ၂၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

# ဂျပန်ဝန်ကြီးချုပ် Mrs. Takaichi ၏ ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ ပြောကြားချက်အပေါ် မီဒီယာများ၏ မေးမြန်းချက်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



ဒီနေ့မှာတော့ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ပြောကြားချက်အပေါ် မြန်မာနိုင်ငံရဲ့သဘောထားကို မီဒီယာများရဲ့မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ တွေ့လိုက်ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ သဘောထားရပ်တည်ချက်ကတော့ နံပါတ်တစ် မြန်မာနိုင်ငံအစိုးရဟာ တရုတ်နိုင်ငံရဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို ခိုင်မာစွာထောက်ခံရပ်တည်လျက်ရှိပါတယ်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အပေါ် မြန်မာနိုင်ငံက ခိုင်မာစွာထောက်ခံရပ်တည်လျက်ရှိကြောင်းကို မြန်မာနိုင်ငံယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံရချိန်တိုင်းမှာ ထပ်လောင်းအတည်ပြု ခိုင်မာစွာပြောကြားခဲ့ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ တရုတ်-မြန်မာနှစ်နိုင်ငံဟာ အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများနဲ့ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်နေတဲ့နိုင်ငံများဖြစ်ပါတယ်။ ဒီအချက်အပေါ်မှာ မြန်မာနိုင်ငံက အထူးအလေးထား တန်ဖိုးထားပါတယ်။ နံပါတ်သုံးအချက်အနေနဲ့ကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ရဲ့ ပထမအချက်ပါအတိုင်း တရုတ်နိုင်ငံရဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ်မှာ မြန်မာက လေးစားပြီး ၎င်းအချက်အပေါ်မှာ ကာကွယ်ခြင်းကို မြန်မာက အစဉ်အမြဲထောက်ခံရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံ့စီးပွား မြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးဆောင်ရွက်ရန်အတွက် ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



**ကြိုးပမ်းဆောင်ရွက်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသတွင်း ဆန်ဖူလုံမှုရှိကြောင်း စာရင်းဇယားများအရ တွေ့ရသော်လည်း စပါးတစ်ဧကချင်း၏ ပန်းတိုင်အထွက်နှုန်း ရရှိရေးကြိုးပမ်းကြရန်လိုအပ်လျက်ရှိကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများ ကူညီဖြည့်ဆည်းပေးခြင်းကို ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ တောင်သူအချင်းချင်း နည်းစနစ်များဖြန့်ဝေခြင်း၊ အသိပညာဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်ရန်လိုကြောင်း၊ အလားတူရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံများကို သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စနစ်တကျကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

ဒေသအတွင်း စားရေရိက္ခာ ဖူလုံပိုလျှံရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်းဆောင်ရွက်ရန်၊ ဒေသနေပြည်သူများ၏ စားသုံးမှုကို ဖူလုံပိုလျှံသော ထုတ်လုပ်မှုဖြစ်စေရေး ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ပြီး လယ်ယာသားငါးကုန်ထုတ်လုပ်မှုကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) လုပ်ငန်းများဖွံ့ဖြိုးရေးကို ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းကြရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီမံဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ လုပ်ငန်းများအတွက်အရေးပါသည့်စာရင်းဇယားများ မှန်ကန်စွာကောက်ခံတင်ပြနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေစည်းမျဉ်းစည်းကမ်းအမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာပြီး ကျင့်ဝတ်သိက္ခာနှင့် လျော်ညီစွာကျင့်ကြံနေထိုင်ကြရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရမည်းသင်းမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များမီးဘေးလုံခြုံရေး စစ်ဆေး

**ရမည်းသင်း နိုဝင်ဘာ ၂၁**

ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးတွင် အသုံးပြုသည့်ပစ္စည်းများအဆင်သင့်ထားရှိရန်၊ ဆိုင်တွင်တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအနေဖြင့် ကာကွယ်ရေးသုံးပစ္စည်းများ အသုံးပြုတတ်မှုများကို လိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နိုင်ငံသားစိစစ်ရေးကတ်များ ရပ်ကွက်များအရောက် ကွင်းဆင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ မဲစာရင်းတွင်ပါသင့်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် ရပ်ကွက်များအရောက် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲ ပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေး ဦးစားပေး ဆောင်ရွက်သွားရန်လိုအပ်သောကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစာရေးဝန်ထမ်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဦးခင်မောင်က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွင် စာရင်းကောက်ယူထားသော အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## အောင်လံမြို့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ



**အောင်လံ နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ ရပ်ကွက်အလိုက် ကော်မရှင်ရုံးခွဲများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာရာ ရပ်ကွက်ရုံးများသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

# ရှမ်းပြည်နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တာချီလိတ်မြို့ အခြေခံပညာအထက်တန်း ကျောင်း (ဟောင်လိတ်)၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ပွဲတော်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးသန်းဆွေဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအဖွဲ့၊ အကအဖွဲ့များနှင့် အားကစားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဟောင်လိတ်၊ ဆန်ဆိုင်း၊ အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်) ဘင်ခရာ



တပ်ဖွဲ့များတွင် ဘင်ခရာပစ္စည်းများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် ချီးမြှင့်ငွေများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို လည်းကောင်း ပေးအပ်ရာ ကျိုင်းတုံခရိုင် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အလှူငွေနှင့်သုတရသစာအုပ်များကို လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရှိသူများကိုလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦး စီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် ဆုရကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ခုံဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းကစားပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ရုပ်ပုံဆက်၊ စကားပုံဆက်၊ မြားပစ်၊ ဆေးရောင်ခြယ်၊ အရုပ်ခေါက်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး အနိုင်ရရှိသူများအား ဆုများချီးမြှင့်ပေး၍ ပညာဗိမာန်စာကြည့်တိုက်၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ သိပ္ပံပြခန်းနှင့် အခြေခံပညာကျောင်းများ သိပ္ပံပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကတို့ဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပြခန်းများ၊ စာအုပ် အရောင်းဆိုင်များနှင့် ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ကျပန်း၊ စာဖတ်စွမ်းရည်၊ စိတ်ကြိုက်ပန်းချီ၊ ဥာဏ်စမ်းပဟေဠိ၊ ကဗျာရွတ်ဆို၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ ပျော်ရွှင်ဖွယ်ရာကစားနည်း ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက်” စာကြည့်တိုက် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားအတွက် လှူဒါန်းငွေများကို တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက “လှသောပန်းများ ပွင့်စေသား”၊ “သွေးချင်းတို့မြေ” နှင့် “မင်္ဂလာပါ” သီချင်းတို့ဖြင့် ကပြဖျော်ဖြေကြပြီး စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြော၍ ဉာဏ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်

ဦးစွာ လမ်းမတော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က “စာဖတ်ခြင်း၏အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်သူအဖြစ် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ဆောင်ရွက်ပြီး လမ်းမတော်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်မေသီထက်နွယ်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စာရေးဆရာမပေါက်ပေါက်နှင့် လူငယ်စကားဝိုင်းတွင်ပါဝင်ဆွေးနွေးသူကျောင်းသား ကျောင်းသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**



# တောင်ကြီးမြို့၌ စာပေစကားဝိုင်းဆွေးနွေး



**တောင်ကြီး နိုဝင်ဘာ ၂၁**

စာပေဖတ်ရှုလေ့လာမှုလူသားတိုင်းကို ကောင်းကျိုးပြု ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းတစ်ရပ်ကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဆွေးနွေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်ရသဆု) ရရှိခဲ့သော “ခေတ်အဆက်ဆက် နှစ်သက်စရာ တရုတ်ကဗျာများစာအုပ်”အပါအဝင် သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မောင်နိုင်မိုး**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအားကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး



**စစ်တွေ နိုဝင်ဘာ ၂၁**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပင်စင်လစာထုတ်ယူရန် လာရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုနှင့် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းများကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ လစဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၌ စားအုန်းဆီဖြန့်ဖြူးသည့်ကုမ္ပဏီများ လက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း လေ့လာစောင့်ကြည့် သုတေသနအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ စားအုန်းဆီဖြန့်ဖြူးသည့် ကုမ္ပဏီများ လက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။




ဦးစွာ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ လေ့လာစောင့်ကြည့် သုတေသနအဖွဲ့ ခေါင်းဆောင် ဦးပိုင်ဖြိုးသန့်က ဆွေးနွေးပွဲ ကျင်းပရခြင်းကို ရှင်းလင်း ပြောကြားကာလေ့လာစောင့်ကြည့် သုတေသနအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က လေ့လာ စောင့်ကြည့် သုတေသနလုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး လေ့လာစောင့်ကြည့် သုတေသနအဖွဲ့ အတွင်းရေးမှူး ဦးလှိုင်မျိုးက လေ့လာစောင့်ကြည့် သုတေသနအဖွဲ့ ဖွဲ့စည်းရခြင်းနှင့် လုပ်ငန်းတာဝန်များ အကြောင်း ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများအား ရှင်းလင်းဆွေးနွေးကာ စားအုန်းဆီဖြန့်ဖြူးသည့် ကုမ္ပဏီနှင့် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးမိုးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**



# နိုင်ငံခြားဘာသာတက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သောနိုင်ငံခြားဘာသာတက္ကသိုလ်များသုတေသနစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် LRC–103 ခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမေစန်းရီတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး သုတေသနစကားဝိုင်း ဆွေးနွေးပွဲကိုကျင်းပသည်။ ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ ပထမနေ့တွင် စာတမ်းရှင် ၁၀ ဦးက စာတမ်း ၁၀ စောင်ကို တင်သွင်းဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဒုတိယနေ့ကို ကျင်းပရာ စာတမ်းရှင် ၁၃ ဦးက စာတမ်း ၁၃ စောင်ကို ဖတ်ကြားခဲ့ကြပြီး စာတမ်းရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**

# ဆီဆိုင်မြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ဆီဆိုင် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းပိုင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အကြောင်းရင်းများ၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့် နည်းလမ်းများနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများ သိရှိလိုသည့် ဆွေးနွေး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းသားကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မှော်ဘီမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မှော်ဘီ နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၉ ရက်က မှော်ဘီညောင်ကုန်းကျေးရွာအုပ်စု တောင်သူဦးမြင့်ဦး၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးကြည်နိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ပြီး ဗီယက်နမ်စပါးမျိုး တစ်ကေလျှင် အစို ၁၃၇ တင်း၊ အခြောက် ၁၃၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသမီးများ တွေ့ကြုံရသောအန္တရာယ်များနှင့် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အမျိုးသမီးများတွေ့ကြုံရသော အန္တရာယ်များနှင့် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်း ရွှေစေတီဓမ္မာရုံ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်သိန်းက လူသတ်မှု၊ မုဒိမ်းမှုဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ထိရောက်သော ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် အသိပညာပေးဟောပြောသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က ဟောပြောသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ပို့ကုန်ရငွေအပြည့်အဝပြန်လည်ပေးသွင်းမှု မရှိသည့်အပြင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများအား ဆဲဆို၊ ခြိမ်းခြောက်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော်  နိုဝင်ဘာ  ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာရှေးရှုပြီး နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများကို ကမောက်ကမဖြစ်စေရန် ရည်ရွယ်၍ မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက သတင်းရရှိခဲ့ပြီး ၎င်းတို့အားဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍စုံစမ်းဖော်ထုတ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို အမှတ် ၈၀၃-ဘီ ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Maha Nadi International Co.,Ltd မှ ဒါရိုက်တာများဖြစ်သော ဦးရဲမင်းလွင်၊ ဒေါ်ကွန်သီ၊ ဒေါ်ဖြူဖြူဇင်၊ ဒေါ်မြင့်မြင့်လှိုင်နှင့် ဒေါ်ခင်စန်းသီတို့သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၄၂ သန်းကျော်တန်ဖိုးရှိ မတ်ပဲများတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော်ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း။

ထို့အတူ ဦးဟင်နရီခင်မောင်နှင့် ဒေါ်ဖြူဖြူဇင်တို့ နှစ်ဦးအမည်ဖြင့် တည်ထောင်ထားသည့် RK Shipping and Trading Co.,Ltd အနေဖြင့်လည်း ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကျော်တန်ဖိုးရှိ မတ်ပဲများတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ထပ်မံစစ်ဆေးတွေ့ရှိချက်များအရ ဦးဟင်နရီခင်မောင်သည် သားဖြစ်သူ ဦးရဲမင်းလွင်နှင့် ခင်မင်ရင်းနှီးသည့် ဦးဗိုဗိုသန့်၏ Taw Thar Gyi Co.,Ltd အမည်ခံ၍ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ မတ်ပဲနှင့် ပဲစင်းငုံများကို တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေကြောင်း၊ ထို့အတူ ဦးရဲမင်းလွင်သည် Ocean Lion King Co.,Ltd အမည်ကိုအသုံးပြု၍ ပဲမျိုးစုံတင်ပို့လျက်ရှိကြောင်း သတင်းရရှိသဖြင့် ထပ်မံစိစစ်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်တန်ဖိုးရှိ မတ်ပဲများကို တင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့အပြင် ဦးရဲမင်းလွင်သည် နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းမှုမရှိသောကြောင့် ၎င်း၏ကုမ္ပဏီများအား ပို့ကုန်/သွင်းကုန်လိုင်စင်ပိတ်သိမ်းခံရမှုအပေါ် ကျေနပ်မှုမရှိသဖြင့် ပဲမျိုးစုံရောင်းဝယ်သည့်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ကုန်သည်များ၊ ပွဲစားများ၊ တောင်သူများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် Online Pulses Myanmar Association အမည်ရှိ Viber Group ၌ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှတာဝန်ရှိသူများကို ရန့်ရင်းကြမ်းတမ်းစွာဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်သည့်စာသားများ ရေးသားဖော်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိခဲ့သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်သည့် ဦးရဲမင်းလွင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ကွန်သီ (ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်မြင့်မြင့်လှိုင်(ဖမ်းမိ)၊ ဒေါ်ခင်စန်းသီ(ဖမ်းမိ)၊ ဦးဟင်နရီခင်မောင်(ဖမ်းမိ)၊ ဦးဗိုဗိုသန့်(ဖမ်းမိ) နှင့် ဦးငွေးကို (ထွက်ပြေးတိမ်းရှောင်)တို့ ရှစ်ဦးနှင့် အသင်းမှတာဝန်ရှိသူများကို ရန့်ရင်းကြမ်းတမ်းစွာဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့သူ ဦးရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်)တို့အပေါ် ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအလိုက် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

၎င်းတို့သည် နိုင်ငံတော်သို့ပေးသွင်းရမည့် ပို့ကုန်ရငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့သည့်အပြင် ရရှိသည့်ပို့ကုန်ရငွေများကို ဖျောက်ဖျက်ဆောင်ရွက်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ၎င်းတို့၏ပိုင်ဆိုင်မှုများအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏စီးပွားရေးနှင့် ငွေကြေးမူဝါဒများ တည်ငြိမ်စေရေးအတွက် ပို့ကုန်ရငွေပြန်လည်ပေးသွင်းရန် ပျက်ကွက်သည့်အခြားကုမ္ပဏီများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများမှ တရားခံများ



ရဲမင်းလွင် (ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi International Co.,Ltd



ကွန်သီ(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi International Co.,Ltd



ဟင်နရီခင်မောင်(ဖမ်းမိ)
ဒါရိုက်တာ
RK Shipping and Trading Co.,Ltd



ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi International Co.,Ltd



ခင်စန်းသီ(ဖမ်းမိ)
ဒါရိုက်တာ
Maha Nadi International Co.,Ltd



မြင့်မြင့်လှိုင်(ဖမ်းမိ)
ဒါရိုက်တာ
Maha Nadi International Co.,Ltd



ဗိုဗိုသန့်(ဖမ်းမိ)
ဒါရိုက်တာ
Taw Thar Gyi Co.,Ltd



ငွေးကို(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Ocean Lion King Co.,Ltd

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော်  နိုဝင်ဘာ  ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်း)
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်းမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၁

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားအပ်ပါသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်ရွာ ကျေးဇူးရှင် မိဘပြည်သူများ ခင်ဗျာ...

ကျွန်တော်ကတော့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦး ဖြစ်ပါတယ်ခင်ဗျာ...

ကျွန်တော်တို့ပါတီ ပေါ်ပေါက်လာပုံကတော့ အဓိကဖွဲ့စည်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပြန်လည်ရင်ကြားစေ့ပြီး ညီညီညွတ်ညွတ်နဲ့ အတူတကွ ပူးပေါင်းနေထိုင်ကြပြီး နိုင်ငံ့ဝန်ထမ်းအားလုံးနဲ့ အခြေခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကထားပြီး ဖွဲ့စည်းတည်ထောင်ခဲ့ရခြင်းသာ ဖြစ်ပါတယ်...

နိုင်ငံရေးမိတ်ဖက်ပါတီတွေနဲ့ ပူးပေါင်းပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးနဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးကဏ္ဍတွေမှာ တစ်ထောင့်တစ်နေရာကနေ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်...

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ... ကျွန်တော်တို့ ပြည်သူတွေဟာ ပဋိပက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးနှင့်ပတ်သက်ပြီး ပဋိပက္ခတွေဖြစ်လာပြီဆိုရင် ဦးစွာ ဒုက္ခခံစားရမှာကတော့ ကျွန်တော်တို့ ပြည်သူတွေပဲဖြစ်ပါတယ်။ ထိုကဲ့သို့သော နိုင်ငံရေးပဋိပက္ခတွေဖြစ်မလာအောင် မိမိတို့ယုံကြည်ချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးလုပ်နေသော တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့ကို တွေ့ဆုံစည်းရုံးညှိနှိုင်းပြီး မိဘပြည်သူများနှင့်အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ရန် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP)ဟာ ယခုကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ရွေးကောက်ခံခြင်းသာ အဓိကရည်ရွယ်ချက်ပဲဖြစ်ပါတယ် ခင်ဗျာ။

လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျာ... ကျွန်တော်တို့ ပါတီအနေဖြင့် တပ်မတော်အပေါ်ထားရှိသည့် သဘောထားကတော့......

အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်သည် ကောင်းမွန်သော ဒီမိုကရေစီစနစ်ရင့်ကျက်ခိုင်မာရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပြီး အမျိုးသားရေးစည်း၊ အမျိုးသားရေးအကျိုးစီးပွားကို အစဉ်အလာမပျက် ကာကွယ်ပေးသည့် အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရှိ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းတွေသာ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံရေးပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းပြီး မိဘပြည်သူများ မိမိတို့၏ နေ့စဉ်လူနေမှုဘဝလုံခြုံမှု ပြန်လည်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါကြွယ်ဝစေရန် အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အသီးသီး၊ မိမိတို့၏ ယုံကြည်ရာဖြင့် လက်နက်စွဲကိုင်နေကြသော အဖွဲ့အစည်းအသီးသီးတို့နှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးကတိကဝတ်များပေးကာ၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဖော်ဆောင်နိုင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးနှင့် တပ်မတော်ကြီးတို့အား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းအကောင်အထည်ဖော်ဖို့ကိုလည်း တပ်မတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်ခင်ဗျာ..

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်တို့ပါတီ၏ မူဝါဒလမ်းစဉ်အနေဖြင့်......

ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းပြီး၊ ငြိမ်းချမ်းစေပြီး ညီညီညွတ်ညွတ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသော မူဝါဒကို လက်ကိုင်ထားရှိသည့် ပါတီအဖြစ်လည်းကောင်း၊

(Ethnic Centered Approach) ECAဟူသော တိုင်းရင်းသားအားလုံးကို ဗဟိုပြုပြီး ဆွေးနွေးညှိနှိုင်းသော မူဝါဒကိုကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသော သန္နိဋ္ဌာန်ချထားသော ပါတီအဖြစ်လည်းကောင်း၊

တိုင်းရင်းသားအားလုံးနှင့်အတူ လက်တွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန်အတွက် တိုင်းရင်းသားများ၏ လာရောက်ဆက်သွယ်လာမှုအား မစောင့်စားဘဲ ECA နည်းကို ကျင့်သုံးသွားမည့်ပါတီအဖြစ်လည်းကောင်း၊ မိမိတို့အဖွဲ့အစည်းက လက်နက်ကိုင်တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးအဖြေရှာမှုမျိုးကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

ဒါ့အပြင် လက်နက်ကိုင်တိုင်းရင်းသားတို့နှင့် နိုင်ငံတော်၏ ပြည်သူပြည်သားများအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် ကျရာနေရာမှ တာဝန်ထမ်းဆောင်နေသော မြန်မာ့တပ်မတော်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ပေးနိုင်ရန်နှင့် ခဲရာခဲဆစ်ဖြင့် တည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန် ဆောင်ရွက်ကြမည့် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွှတ်တော်အတွင်း ဝင်ရောက်စေဖို့ရာ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အသည်းကြားက မဲတစ်ပြားနှင့် ပို့ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ် ခင်ဗျာ...

လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ... ကျွန်တော်တို့ ပါတီအနေဖြင့် ညီညွတ်မှုပြည်သာမည်၊ ညီညွတ်မှုအေးချမ်းမည်၊ ညီညွတ်မှု တိုးတက်မည်ဖြစ်သော -

ညီညွတ်မှုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်တရားများအတွက် အခြေခံကျောက်တုံးပမာသာဖြစ်ပါတယ်... မြန်မာပြည်သူပြည်သားများအားလုံး၏ အခွင့်အလမ်းများ၊ ဂုဏ်သိက္ခာနှင့် အနာဂတ်အဆင့်မြင့်မှုတို့ကို ညီမျှစွာတည်ဆောက်သွားရန်လည်း စိတ်အားထက်သန်ရပါသည်...ခင်ဗျာ

မိမိတို့ပါတီ၏ လမ်းစဉ်အနေဖြင့်

ပထမဆုံးအနေဖြင့် ညီညွတ်မှုပြည်သာမည်ဖြစ်သော – လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမရွေး ဆင်တူညီမျှသော အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ အမျိုးသားညီညွတ်ရေးကို အခြေခံ၍ အမျိုးသားအဆင့် အပြည်ပြည်ဆိုင်ရာ မိတ်ဆွေများ ပေါ်ပေါက်နိုင်ရေး တည်ဆောက်ခြင်း၊

ဒုတိယအနေဖြင့် ညီညွတ်မှုဖွံ့ဖြိုးမည်ဖြစ်သော စီးပွားရေးစနစ်တရားများအား မူတည်ပြီး MSME (အသေးစား၊ အလတ်စားလုပ်ငန်းများ)ကို အားပေးခြင်း၊ အခြေခံပညာ၊ အထက်တန်းပညာနှင့် နည်းပညာသိပ္ပံပညာစနစ်များကို တိုးတက်စေရန် အသစ်ပုံစံဖော်ဆောင်ခြင်း၊ စက်မှုလယ်ယာ၊ ကူးသန်းရောင်းဝယ်ရေးနှင့် နည်းပညာသစ်များအထိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

တတိယအနေဖြင့် ညီညွတ်မှု အေးချမ်းမည်ဖြစ်သော – စစ်ရေးအဓိကမဟုတ်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အစည်းအဝေးအား ဆောင်ရွက်ခြင်း၊ ပြည်သူများအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းသာယာသော လူမှုဘဝတည်ဆောက်ခြင်း၊

စတုတ္ထအနေဖြင့် ညီညွတ်မှုတိုးတက်မည်ဖြစ်သော – လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အား ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေရန် နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ခြင်း၊ လူငယ်နည်းပညာသိပ္ပံပညာရှင်များအတွက် နိုင်ငံအဆင့် အခွင့်အလမ်းများ ပေးနိုင်အောင် ဆောင်ရွက်ခြင်း၊

ပဉ္စမအနေဖြင့် ညီညွတ်မှုမှ ရွှေရောင်အနာဂတ်ပန်းတိုင်ဆီသို့ဖြစ်သော တိုးတက်မှု၊ အေးချမ်းမှု၊ ညီညွတ်မှုတို့ကို ပေါင်းစည်းထားသည့် “ရွှေရောင် အနာဂတ်”သို့ ဦးတည်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ တိုးပွားပြီး အခွင့်အလမ်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ မြန်မာပြည်ကြီး နိုင်ငံတကာတွင် ဂုဏ်သိက္ခာမြင့်မားစေရန်အတွက် တတ်သိပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျာ... ကျွန်တော်တို့ပါတီ၏ နိုင်ငံရေးမူဝါဒလမ်းစဉ်အဖြစ် ......

မိမိတို့ပါတီသည် မြန်မာနိုင်ငံ၏ သမိုင်းဆိုင်ရာဖြစ်စဉ်များအပေါ် အခြေခံလျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာလိုလားချက်များ အပါအဝင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို မှန်ကန်ထိရောက်စွာ သယ်ပိုးဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲများတွင် ဝင်ရောက်ကာ ပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါတယ်...



- လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခြင်း၊
- ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို ဆက်လက်ကျင့်သုံးခြင်း၊
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊
- ဒေသအတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်မည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာဆောင်ရွက်မည်။ အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်း၊
- နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာသည့် မည်သည့်ပြည်ပ စွက်ဖက်မှုမျိုးကိုမဆို ပြည်သူများနှင့်အတူ ဆန့်ကျင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များအတွက် လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာစေနိုင်သည့် အခြေအနေကောင်းများ ဖန်တီးဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊
- ပညာရှင်များ၏ ဖန်တီးမှုများနှင့် မူပိုင်ခွင့်များအား ခိုင်မာစွာ အကာအကွယ်ပေးနိုင်ရေးကို ရပ်တည်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်၏အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၊ နယ်ပယ်အသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုများအလိုက် ထိုက်တန်စွာ တာဝန်ပေးဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများကို ဆောင်ရွက်ခြင်း၊
- အသိပညာရှင်၊ အတတ်ပညာရှင်များ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများ ပြုလုပ်ပေးသွားမည်။ နိုင်ငံတော်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးစီးပွားအတွက် အဖွဲ့အစည်းများ ထူထောင်နိုင်ရေးကို ဆောင်ရွက်ခြင်း၊
- နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစား ဝန်ထမ်းများ၊ အခြေခံလူတန်းစားများနှင့် နယ်ပယ်အသီးသီးတွင်ရှိကြသော ပြည်သူများအားလုံးအတွက် အိမ်ရာတိုက်ခန်းများအား ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ငင်းဝယ်ယူခြင်းဖြင့်သော်လည်း ဆောက်လုပ်ရောင်းချနိုင်ရန် တွန်းအားပေးဆောင်ရွက်ခြင်း၊
- နိုင်ငံတော်မှ နိုင်ငံအနှံ့အပြားရှိပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် အလို့ငှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား/ငါးများကို ရောင်းချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

သို့ဖြစ်ပါ၍ မိမိတို့၏ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီအဖြစ် ရပ်တည်ဖို့ရာ နိုင်ငံရေးသမားများနှင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ လူထုကြားမှ ပေါ်ထွန်းလာသော နိုင်ငံရေးပါတီဖြစ်ပါသောကြောင့် မိဘပြည်သူများ၏ အသည်းကြားက မဲတစ်ပြားသည် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် မြေသြဇာကောင်းသဖွယ်သာဖြစ်ပါကြောင်းနှင့်

ညီညွတ်မှုသာ အောင်မြင်မည်<br>
ညီညွတ်မှုသာ ဖွံ့ဖြိုးမည်<br>
ညီညွတ်မှုသာ အေးချမ်းမည်

ညီညွတ်မှုသာ တိုးတက်မည်ဟု ပြောကြားရင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်ရွာ ကျေးဇူးရှင်မိဘပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာနှင့် ပြည့်စုံကြပြီး စီးပွားလာဘ်လာဘများ ပွင့်လန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ... ။



## သာယာဝတီမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

သာယာဝတီ နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မဲဆန္ဒရှင်အမည်စာရင်းများကို အများပြည်သူကြည့်ရှုနိုင်ရေး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ယနေ့နံနက်ပိုင်းမှစ၍ ဒုတိယအကြိမ် ကပ်ထားကြေညာထားသည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကပ်ထားမှုကို ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၏စီစဉ်ဆောင်ရွက်မှုဖြင့် မြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုတို့တွင် မဲဆန္ဒရှင်ပြည်သူ ၁၂၈၆၇၇ ဦးရှိရာ အသက် ၁၈ နှစ်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲဆန္ဒရှင်အမည်စာရင်းများကို ပြည်သူများအလွယ်တကူကြည့်ရှုနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် နည်းပညာအထောက်အကူပြု သင်တန်းဖွင့်လှစ်

ရေး နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နည်းပညာအထောက်အကူပြု (Installation) ပြုလုပ်ခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုလတ်က မြန်မာအီလက်ထရောနစ် မဲပေးစက် (Installation) ပြုလုပ်ခြင်း နည်းပညာနှင့်ပတ်သက်၍ စက်များကိုင်တွယ်အသုံးပြုရာတွင် သိရှိရမည့်အချက်များ၊ ထိန်းချုပ်စက်တွင် ပါဝင်သည့် အစိတ်အပိုင်းများ၊ မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း အဆင့်ဆင့်နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အပိုင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ ရေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြပြီး သင်တန်းနည်းပြ ငါးဦးနှင့် ကြီးကြပ်သူ ၁၀ ဦးတို့က မဲပေးစက်ကိုင်တွယ်အသုံးပြုမည့် သင်တန်းသား သင်တန်းသူ ၅၀ တို့အား စာတွေ့/လက်တွေ့ သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မင်းမင်း

## လှည်းကူးမြို့၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမှု ပြည်သူများလာရောက်ကြည့်ရှု



လှည်းကူး နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ ရပ်ကွက်/ကျေးရွာအလိုက်ကော်မရှင်ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကင်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် မိုးကောင်းသာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ယနေ့အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ပန်းဘဲတန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် မြို့နယ်အဆင့်သင်တန်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ဒေါပုံမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်လှစ်

ဒေါပုံ နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် မြို့နယ်အဆင့်သင်တန်းကို နိုဝင်ဘာ ၂၀ ရက်တွင် အထက(၁) ပညာခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းဝင်းစိန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်များကို သင်တန်းဆရာ ဆရာမ လေးဦးတို့က သင်တန်းသား သင်တန်းသူ ၇၆ ဦးအား နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

## ကမမောင်းမြို့၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာ

ကမမောင်း နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ကရင်ပြည်နယ် ကမမောင်းမြို့၌ ယနေ့နံနက်ပိုင်းမှစ၍ ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာသည်။

အဆိုပါ မဲစာရင်းများ ကပ်ထားကြေညာထားရှိမှုကို ဒေသခံပြည်သူများက ကြည့်ရှုကြရာ ဖာပွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးမင်း ဦးဆောင်၍ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ဖာပွန်ခရိုင် ရွေးကောက်ပွဲအရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ ကမမောင်း(ပြန်/ဆက်)



နိုင်ငံသား အခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေလောင်းမြို့နယ် မရမ်းချောင်ရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရွာမှ ပြန်လည်ထွက်ခွာ၍ ညနေပိုင်းတွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။







အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၁ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၀၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့အား ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်–

ကလေးက နှလုံးသွေးကြောတစ်ချောင်းအပိုပါလို့ ဒီမှာ နယ်လှည့်ဆရာဝန်တွေ လာတယ်ဆိုလို့ လာပြတာပါ။ နှလုံးသွေးကြောက စိုးရိမ်ရတယ်။ အပေါက် တော်တော်ကျယ်တယ်။ အဲဒီကလေးက အရေးကြီးတယ်။ နှလုံးကမဖြစ်မနေ ပိတ်ရမယ်တဲ့။ ကြာရင်တော့ မကောင်းဘူး။ စိုးရိမ်ရတယ်လို့ ပြောတယ်။ ဒီလိုမျိုး နယ်လှည့်ဆရာဝန်တွေ လာတော့ ကိုယ်တွေအတွက်လည်း ကောင်းပါတယ်။ သူများတွေအတွက်လည်း ကောင်းပါတယ်။ ဆရာဝန်ကြီးတွေလည်း ဘုန်းကြီးပါစေ။ အသက်ရှည် ကျန်းမာပါစေ။ အခုလိုမျိုး လာရောက်ပြီးတော့ အခမဲ့ လာရောက်ကုသပေးတာ သူတို့လည်း ဒီထက်မက ဘုန်းကြီး အသက်ရှည်ပြီးတော့ နိုင်ငံ့တာဝန်တွေလည်း ထမ်းဆောင်နိုင်ကြပါစေ။

ကျွန်မက ရွှေလောင်း အထက ကျောင်းက အလယ်တန်းပြ ဆရာမပါ။ ဆီးချို့နဲ့ လက်မအရွတ်ရောင်တာပါ။ အဲဒီရောဂါတွေ လာပြတာပါ။ ဗိုလ်ကြီးတွေကလည်း ကျကျနန စိတ်ရှည်လက်ရှည်နဲ့ သေချာရှင်းပြတယ်။ သေချာလည်း ကုပေးပါတယ်။ လိုအပ်တဲ့ ဆေးဝါးတွေ၊ လိုတာတွေလည်း လုပ်ပေးလိုက်တယ်။ အဲလိုဆိုတော့လည်း ဆရာမတို့လည်း စိတ်ချမ်းသာရပါတယ်။ ကိုယ့်ရပ်ကိုယ်ရွာနဲ့ နီးနီးနားနားမှာ ရောက်လာပြီးတော့ ပြရတယ်ဆိုတော့ အခက်အခဲမရှိဘူး။ အားလုံး အဆင်ပြေပါတယ်။ နယ်လှည့်ဆေးကုသအဖွဲ့ ဆရာဝန်ကြီးတွေ အကုန်လုံး၊ နောက်တစ်ခါ volunteer တွေ အကုန်လုံး ဝိုင်းဝန်းပြီးတော့ ကူညီပေးကြတယ်။ ရပ်ရွာရော၊ အဖွဲ့အစည်းတွေအကုန်လုံးက စေတနာပါပါနဲ့ စိတ်ပါလက်ပါနဲ့ အားတက်သရော လုပ်ပေးကြတာကိုတွေ့ရတယ်။ အဲဒီအတွက် အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

---

**✻ ကျောဖုံးမှ**

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူ ၄၆၅ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀၊ ခွဲစိတ်ရောဂါ ၅၀၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၈၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၀၊ မျက်စိရောဂါ ၈၂ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့အား ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင်တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာနေ ဦးရဲဇော်ဝင်း၏ဇနီး ဒေါ်ဖုန်းနန္ဒာမြင့်၏ ပထမဆုံးကိုယ်ဝန်ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ၇ ပေါင်ရှိ သမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။







၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ်မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်နှင့် ၂၄ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ်–

အရင်တုန်းက အဝေးကိုကြည့်လို့ရှိရင် မီးလုံးကိုပဲဖြစ်ဖြစ် လကိုပဲကြည့်ကြည့် ကျွန်တော်တစ်ပြုံကြီး လေးငါးဆယ်လုံး ပုံစံလိုမျိုး မြင်နေရပါတယ်။ ဒီမျက်စိလေးကောင်းသွားတဲ့အတွက် ဘာမဆို အကုန်လုံးကို ထူးထူးခြားခြား ကျွန်တော်မြင်ရတယ်။ စေတနာကောင်းကောင်းနဲ့ ကျွန်တော်တို့ကို ကုပေးပါတယ်။ ကျွန်တော်တို့လည်း ပီတိတွေ ဖြစ်မိပါတယ်။

အခုတစ်ဖက်က ပြန်ခွဲရတယ်။ ကျေးဇူးတင်ပါတယ်။ ဆရာဝန်လေးတို့ ကုသိုလ်ကတော့ ယူမကုန်အောင်ရမယ်၊ ဝမ်းလည်းသာတယ်၊ ကြည်လည်းကြည်နူးတယ်။ ကျန်းမာပါစေလို့ အဘွားကမေတ္တာပို့ပေးပါတယ်။ ဘယ်နေရာသွားသွား စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။

ခုလိုမျိုး မြေးမလေးမွေးဖွားပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ အခုမွေးဖွားပေးတဲ့အချိန်မှာလည်း ဆရာဝန်တွေ၊ ဆရာမတွေ အားလုံးက ကျန်းမာရေးဂရုစိုက်ပေးပါတယ်။ ကလေးရော မိခင်ပါ ကျန်းမာရေးကောင်းပါတယ်။ **သတင်းစဉ်**

---

## ပုလောမြို့နယ်၌ မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ပုလော နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုး/မြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ပုလောမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပုလောမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်အောင်မျိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုး/မြူငွေ့ ဖြစ်ပေါ်လာသည့် အကြောင်းအရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောသည်။

**လက်ခံရယူ**

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အမှိုက်ခွဲခြားခြင်း အသိပညာပေး လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြကြောင်းနှင့် အလက(၂) ကျောင်းစာကြည့်တိုက်အတွက် သစ်တောကြေးမုံစာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်သောင်းက လက်ခံရယူကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

■

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ သူကြွယ်(၁)လမ်း၊ မြေကွက်အမှတ်(၇၂၀/က)၊ ဒေါ်သန်းငြိမ်း(CE.100025)၊ စာအမှတ်(1040) ပါမစ်မူရင်းအမည်ပေါက် (၂၀x၆၀)ပေမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ ပါမစ်မူရင်းမြေကွက်နှင့် နေအိမ်အပါအဝင် ယင်းနေအိမ်မှ တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်၊ လက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်နွယ်နွယ်စိုး[၁၂/ဥကတ(နိုင်)၁၈၄၈၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသူနိုင်[၈/ပခက(နိုင်)၁၈၇၇၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသူနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LLB) အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ စေတနာ(၄)လမ်း၊ မြေကွက်အမှတ်(၅၀၅)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၀ x ၆၀)ပေရှိ ဂရန်မိတ္တူမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးငြိမ်း [၈/ရနခ(နိုင်)၁၀၈၆၄၂]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အမာဝေ[၉/မလန(နိုင်)၁၆၆၁၈၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅-ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၀၀၆၅၂၇၃**

## (၁၆-၁၁-၂၀၂၅)နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ တာလမ်းသစ်ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အိမ်အမှတ်(၁၀၈)၊ အလျား(၂၁)ပေxအနံ(၇၀)ပေရှိ မြေကွက်နှင့် အဆောက်အဦတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူ ဦးဝေလင်းသူ[၁၂/ကမရ(နိုင်)၀၈၈၈၆၁]နှင့် ဝယ်ယူသူ ဒေါ်ချိုချိုလွင်[၁၂/အစန(နိုင်)၁၃၉၀၅၈]တို့သည် အချင်းချင်း ညှိနှိုင်းပြေလည်မှုရရှိခဲ့ပါ၍ အထက်သတင်းစာကြေညာချက်အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၈၇/၁၆)**
**အမှတ်(၈၃)၊ အခန်း(၁၄)A၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း- ၀၉-၄၂၀၁၂၃၆၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၁၁၁)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၀၉/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်-၁၃၅+၁၃၆/၂+ ၁၃၇/၂ အတွင်းမှ ၁၃၅(ခဲစင်း)၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၁၄/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိန်ဝင်း + ဒေါ်အေးသီတို့၏သား မောင်မျိုးမင်းသိန်း [၈/ခမန(နိုင်)၂၂၄၄၉၅]သည် မိဘနှင့် ညီအစ်ကိုမောင်နှမများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး အရှုပ်အရှင်းများ၊ တခြားမည်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း [၈/ခမန(နိုင်)၀၇၁၃၈၈]**
**ဒေါ်အေးသီ [၈/ခမန(နိုင်)၀၇၁၇၃၃]**

## ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲကို (၂၁-၁၂-၂၀၂၅) တနင်္ဂနွေနေ့တွင် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး (၁၀၀)ခန့်အား တက္ကသိုလ်များ ဓမ္မာရုံကြီးတွင် စုပေါင်းကန်တော့သည့် အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ ပညာသင်နှစ်အသီးသီးတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပညာသင်ယူခဲ့သော မြန်မာစာအထူးပြု၊ မြန်မာမှုအထူးပြုနှင့် ဒီပလိုမာသင်တန်းသား ကျောင်းသားဟောင်းများ၊ မျိုးဆက်သစ်များအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများကို (၁၈-၁၂-၂၀၂၅) ကြာသပတေးနေ့ နောက်ဆုံးထား၍ ပေးပို့လှူဒါန်းကြပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

အလှူငွေနှင့် အလှူပစ္စည်းများကို ရန်ကုန်တက္ကသိုလ်နယ်မြေ တောင်ငူဆောင်ရှိ မြန်မာစာဌာနသို့လည်းကောင်း၊ ဒေါက်တာဝင့်ဝါဝါလှိုင် (09-5081336)၊ ဒေါက်တာလေးငုံ (09-5164523)၊ ဒေါက်တာနန်းသူဇာဝင်း (09-2174607)၊ ဒေါက်တာရွှေရည်မြတ်မွန်(09-25709225)၊ မြန်မာစာကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးမျိုးသန့် (09-5010754)၊ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း (09-5017310)၊ အမှုဆောင် ဒေါ်မြင့်မြင့်ကြည် (09-262599802)၊ ဦးကျော်တင့် (09-450061609)၊ ဒေါက်တာမိုးဟိန်းဇော် (09-5180141 )၊ ဒေါက်တာစိုးလွင် (09-5118815 )၊ ဦးပြုံးလေး (09-43155781)၊ ဒေါ်မိုးဆင့်သူ (09-799471971)တို့ထံလည်းကောင်း Kay Pay/Wave money တို့ဖြင့် ဆက်သွယ်ပေးပို့နိုင်ပါသည်။

**မှတ်ချက်။** ။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အနည်းဆုံးတစ်နှစ်တာဝန်ထမ်းဆောင်ဖူးပြီး (၂၀၂၅)ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့၌ အသက်(၇၀)ပြည့်ပြီးသော (အပူဇော်ခံစာရင်းတွင် မပါဝင်သေးသော) ဆရာကြီး၊ ဆရာမကြီးများ ကျန်ရှိနေပါက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ အကြောင်းကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ အောင်သိပ္ပံလမ်း၊ မြေကွက်အမှတ်(၈၁၆/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးတင်စိုးအမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်နေအိမ်(၁)လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးကျော်ခိုင် [၅/ကလန(နိုင်)၀၄၄၃၀၀]မှ မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဟေမာအောင်** | **ဒေါ်ဖွန့်မေဒေး LL.B** |
| **[၁၂/ခရန(နိုင်)၀၉၉၅၈၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |
| | **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၊မြေကွက်အမှတ်-၆၅ ၁၂၅၀၈/ပေ၊မြေကွက်တည်နေရာအမှတ်(၆၅)၊သုမိတ္တာ(၃)လမ်း၊(၁)ရပ်ကွက် ဦးတင်မောင်(၁၂/ဥကမ(နိုင်)၀၂၅၈၅၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဦးတင်မောင်ထံမှအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၅၈၅၉/၂၀၂၅(၁၆-၇-၂၀၂၅)ဖြင့်ပိုင်ဆိုင်လာသူဒေါ်သီသီမော်(၁၂/ဥကမ(နိုင်)၁၅၅၉၅၆)မှနှစ်(၆၀)မြေငှားဂရန်မူရင်းမှာမိမိ၏လက်ဝယ်တွင် အထားအသိုမှားယွင်းစွာဖြင့်ပျောက်ဆုံးသွားသည်မှာမှန်ကန်ပါကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြုကျမ်းကျိန်အမှတ်-၁၀၄၄/၂၀၂၅/၂၉-၇-၂၀၂၅၊ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီးဂရန်မိတ္တူလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ်(၅၄၆)၊ အခန်း(၇-အေ)ဟုခေါ်တွင်သော ဦးအောင်စံဖြိုး [၁၂/ကမတ(နိုင်)၀၀၅၈၈၆]ဆိုသူ (မြေရှင်) ပိုင်ဆိုင်ပြီး လက်ရှိထား အကျိုးခံစားလျက်ရှိသည့် တိုက်ခန်းအား မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူထံမှ ဒေါ်ဝါဝါကို[၇/သကန(နိုင်)၀၇၅၁၁၉]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အပြီးသတ်နှစ်ဖက်သဘောတူညီမှု ရရှိထားပြီးဖြစ်ပါသည်။ ယင်းသို့ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီမှုရရှိထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## ဒ္ဒါဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

Myanmar Edible Oil Industrial Public Company Limited ၏ ဒွါဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည် -

- ကျင်းပမည့် နေ့ရက် - ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်
- ကျင်းပမည့် အချိန် - နံနက် (၁၀:၀၀) နာရီ
- ကျင်းပမည့် နေရာ - Zoom Webinar

(၁) ဤဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာ တို့ကို ပူးတွဲ ပေးပို့အပ်ပါသည်။

(၂) အစုရှယ်ယာရှင်များ အနေဖြင့် အကြံပြုချက်များ၊ မေးခွန်းများ မေးမြန်းလိုပါက စာဖြင့်ရေးသား၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၈)ရက်နေ့ ညနေ (၄:၀၀) နာရီ နောက်ဆုံးထားပြီး ကုမ္ပဏီရုံးခန်းသို့ အရောက်ပေးပို့ရပါမည်။

(၃) ကိုယ်စားလှယ်လွှဲစာဖြင့် အစည်းအဝေးတက်ရောက်မဲပေးလိုပါက ကိုယ်စားလှယ်လွှဲစာကို ဖြည့်စွက်လက်မှတ်ရေးထိုး၍ ကုမ္ပဏီသို့ (၇၂)နာရီ ကြိုတင်၍ ပေးပို့ရပါမည်။

(၄) အစည်းအဝေးသို့ တက်ရောက်ရန် အတွက် စာရင်းသွင်းရန် နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း ၀၁-၂၃၀ ၂၅၅၇၊ ၀၉-၈၈၀၁၃၉၀၀၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

**Board of Directors**
**Myanmar Edible Oil Industrial Public Company Limited**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၈၆၉/က+ခ)၊ အောင်သပြေအနောက်(၁၀)လမ်း၊ အမှတ်(၈၆၉/က+ခ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်ခန်းများထဲမှ စတုတ္ထထပ်၊ (၅)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(အလျား ၁၇ပေx အနံ ၅၄ပေ)တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ပြည့်ပြည့်ဖြိုး[၁၂/တမန(နိုင်)၁၃၆၆၅၅]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးနေလင်းထွန်း[၁၂/သလန(နိုင်)၁၁၄၀၁၇]နှင့် ဒေါ်အိန္ဒြာကျော်မိုး[၁၂/ဥကမ(နိုင်)၂၃၉၆၀၆]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ငွေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ်(၂၁)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၄)ထပ်တိုက်၏ ပထမထပ် (၂လွှာ)၊ အခန်းအမှတ်(၁၀၂)၊ အကျယ်အဝန်း (၁၂၅၀)စတုရန်းပေရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်ပိုင်ရှင်များဖြစ်၍ ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးတင်ကျော်စိုး[၁၂/မဂဒ(နိုင်)၀၇၈၇၄၅]နှင့် ဒေါ်နန်းငွေ[၁၃/သပန(နိုင်)၀၁၄၅၉၄]တို့အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) အလုံခရိုင်တရားရုံးတော်၌ အလုံခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၈၆ နှင့်ဆက်နွယ်သည့် အလုံခရိုင်တရားရုံး၊ ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၆

မြန်မာ့ရွှေဆောင်ဘဏ်လီမိတက် နှင့် ဒေါ်သဇင်ဖေချစ်
(၎င်း၏ကိုယ်စား ဒေါ်သီတာငွေး
Vice President)

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI CITY၊ ရွှေသရဖီ(၂)လမ်း၊ အမှတ်(၉၃)နေ တရားရှုံး ဒေါ်သဇင်ဖေချစ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၀)လမ်း၊ အမှတ်(၇၈၀)ဟုခေါ်တွင်သော မြေအမျိုးအစား၊ နှစ်(၆၀)ဂရန်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ (၆)ထပ်တိုက်အဆောက်အအုံရှိ အလျား(၁၂ ၁/၂ ) ပေxအနံ(၅၀)ပေကျယ်ဝန်းသည့် ၆-လွှာ၊ ပဥ္စမထပ် (ခြေရင်းခန်း) တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူမှ ဦးဟိန်းနန္ဒစိုး[၁၂/ဗဟန(နိုင်)၁၀၅၆၉၁]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်ဝင်း[၁၂/အလန(နိုင်)၀၂၆၃၉၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L,D.M.L, D.C.W.E,**
**DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အား မီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရုံးဖုန်း - 09-260087755 , 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်စောဦး(၂)လမ်း၊ အမှတ်(၈၈၂)ဟုခေါ်တွင်သော မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေ၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်၊ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခု အပိုင်ရောင်းချသူ ဦးထက်ကိုကို[၁၂/ဒဂမ(နိုင်)၀၅၅၃၈၂]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့် ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မြင့်မြင့်စိုး [၆/ရဖန(နိုင်)၀၃၅၄၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L,D.M.L,**
**D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အား မီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း - 09-260087755, 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်-၁၂၁၅၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ မြေအမည်ပေါက်-ဒေါ်သဇင် [၁၂/ဒဂန(နိုင်)၀၂၇၂၆၆]ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်သဇင်[၁၂/ဒဂန(နိုင်)၀၂၇၂၆၆]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့် ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးထက်မိုးအောင် [၉/ညဥန(နိုင်)၁၈၄၈၉၀]၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L,D.M.L,**
**D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အား မီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း - 09-260087755, 09-421123477**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းတဲကြီး၊ မြေကွက်အမှတ်-၃၀၈၊ မြေကွက်တည်နေရာအမှတ်- ၃၀၈၊ အောင်မင်္ဂလာလမ်း၊ ရှမ်းတဲကြီးကျေးရွာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစံကြည်[၁၂/ဗဟန(နိုင်)၀၁၆၅၈၃] ရှမ်းတဲကြီး ဂရန်ပေးစီမံချက် မြေအမည်ပေါက်၊ ဂရန်ပေးစီမံချက်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်းဒဂုံအရှေ့မြေငှားဂရန် ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှုမှန်ကန်ကြောင်းနှင့် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါဝင်စာရင်းသတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်ကျောက်ပြားကာသွပ်မိုးအဆောက်အဦ တစ်လုံးရှိပြီး လျှောက်ထားသူနေထိုင်ခြင်းမရှိပါ။ ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးစံကြည်မှ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ နွယ်နီ-၃ လမ်း၊ မြေကွက်အမှတ်- ၄၇၉/ခ (မြေကွက်အမှတ်-၄၈၀နှင့်ကပ်လျက်ရှိသော)၊ အကျယ်အဝန်းဧရိယာ(၂၀ပေx ၆၀ပေ)ရှိ ဒေါ်တင်ကြည်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မေထွန်း [၁၂/ဥကမ(နိုင်)၁၀၆၅၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၇၀၃)**
**ရုံးခန်းအမှတ်-၅၊ ပထမထပ်၊ Strand Condominium၊**
**အမှတ်(၃၃/၄၉)၊ (မဟာဗန္ဓုလပန်းခြံလမ်း)၊ ဘားလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၇/အနောက်၊ မြခါညို (ယုဇန)အိမ်ရာ၊ ရောဝဏ် (၁)လမ်း၊ မြေကွက်အမှတ် - ၁၅၁၊ အကျယ်အဝန်းဧရိယာ( ၆၀ပေx၈၀ပေ )၊ (၄၈၀၀ စတုရန်းပေ)၊ (၀. ၁၁၀) ဧကရှိ ၁။ဦးမြင့်ဆွေ [၁၃/လလန(နိုင်)၀၀၉၄၁၀]၊ ၂။ ဒေါ်ဆွေဆွေမြင့် [၈/မကန (နိုင်) ၀၁၀၉၆၄]တို့ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းလာသူများဖြစ်သော ဦးမြင့်ဆွေနှင့် ဒေါ်ဆွေဆွေမြင့်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ စစ်ကိုင်းလမ်း အမှတ်(၅၂၅)တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ထွန်း(၁၂/ဥကတ(နိုင်) ၀၇၈၃၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ -

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ တိုးချဲ့(၃)လမ်း၊ မြေကွက်အမှတ်(၄၁က/ခ)၊ ဧရိယာ(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်ပေါ်တွင် မြေရှင် ဒေါ်ဝါဝါနွယ် [၁၂/ဥကတ(နိုင်)၁၆၇၅၄၈]နှင့် ကန်ထရိုက်တာ ဦးပိုင်မိုးသူ[၁၂/လမတ(နိုင်)၀၀၂၄၆၈]တို့က အကျိုးတူဆောက်လုပ်ပြီးစီး၍ လူနေထိုင်ခွင့်ရရှိထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်(၄)လွှာ၊ တိုက်မျက်နှာမူ(ညာ)အခန်းနှင့် ၎င်းအခန်းပေါ်ရှိ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဖြိုးကိုကိုအောင် [၁၂/လမတ(ဧည့်)၀၀၀၉၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း၊ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်အား ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း(၁၂/ဥကတ(နိုင်)၀၇၈၃၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၈၀)**
**အမှတ်(၁၂-အင်န်)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၄၄၂၈၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၂၁၉)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၂၄/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၂၁၉)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ် (၃၆၂၃/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၄/သုဝဏ္ဏ၊ လူနေရပ်ကွက်အမှတ်-နှင်းဆီကုန်းအိမ်ရာ၊ မြေကွက်အမှတ်-၂၄/ဘီ၊ အကျယ်အဝန်း (၁၉၁၇)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သင်္ဃန်းကျွန်းမြို့နယ်၊ ၅၄/သုဝဏ္ဏရပ်ကွက်၊ ဇေယျာသုခ (၃)လမ်း၊ အမှတ်(၂၄/ဘီ)ဟုခေါ်တွင်သော (၃)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်ထွန်းအောင်[၁၂/ဗဟန(နိုင်)၀၇၄၆၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းမင်း [၁၃/တကန(နိုင်)၁၄၉၀၃၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် - ၅၇၇/ကျောက်ပုန်း၊ ဦးပိုင်အမှတ်(၃၂/၁)၊ ဧရိယာ (၀.၂၅)ကေနှင့် ဦးပိုင်အမှတ် ( ၃၂/၂ )၊ ဧရိယာ (၆.၃၃) ကေထဲမှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ (၁.၀၃)ကေရှိ ဦးအေးလွင် အမည်ပေါက် ပုံစံ (၇) ထွက်ရှိထားသော လယ်မြေ (၂) ကွက်ကို ဦးအေးလွင်ထံမှ ဒေါ်မိုးမိုးအေး [၁၂/မဘန (နိုင်) ၁၁၃၅၁၀]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး၊ ဦးပိုင်အမှတ် (၃၆/၄)၊ ဧရိယာ (၁.၄၈)ကေနှင့် ဦးပိုင်အမှတ်(၃၉/၁)၊ ဧရိယာ ( ၁.၃၉ )ကေရှိ ဒေါ်မိုးမိုးအေး အမည်ပေါက် ပြေစာထွက်ရှိလယ်မြေ (၂) ကွက်တို့ကို ရောင်းသူ ဒေါ်မိုးမိုးအေး [၁၂/မဘန(နိုင်)၁၁၃၅၁၀] မှ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ဖော်ပြပါ လယ်မြေ (၄) ကွက်ကို ၎င်းမှအပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလှဝေ (စဉ်-၇၁၂၄)** | **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ(၂)၊ မြေကွက်အမှတ်(၂၁) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၅၂၀၀)စတုရန်းပေရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ **ဒေါ်ခင်ဌေးရီ[၁၀/မလမ(နိုင်)၁၁၃၉၁၂]**မှ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးရဲအောင်[၆/ထဝန(ပြု)၀၀၀၀၄၉]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ ၃-လမ်း၊ ကွင်းအကွက်အမှတ်-၂၊ ဦးပိုင်အမှတ်-၆/ည၊ မြေအမျိုးအစား- G မြေ၊ အကျယ်အဝန်း-၀.၀၅၇ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (အလျား ၂၉ ပေx အနံ ၈၀ ပေ)ရှိ မြေနှင့် ထိုမြေပေါ်ရှိ သံဖရိန် အဆောက်အဦငယ်တစ်ခုတို့အား ပြေစာအမည်ပေါက် ဦးအောင်သိန်း၏ အမွေစားအမွေခံဖြစ်သူ ဦးသိန်းဇံ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လုပ်ပိုင်ခွင့် လွှဲပြောင်းရယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ လုပ်ပိုင်ခွင့်လွှဲပြောင်းရယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက -ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** | |
|---|---|---|
| **ဒေါ်နွယ်နွယ်ဝင်း** | **ဦးသိန်းကျော်စိုး (LL.B)** | **ဒေါ်ခင်ခင်ဆု (LL.B)** |
| **[၁၄/ဇလန(နိုင်)၁၃၂၈၉၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၇၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၆၇)** |

**အမှတ် (၁၈၄/ပထမထပ်)၊ ၃၈-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-254318298, 09-409716016**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၁၁-၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)၌ ပါရှိသော ဒေါ်စန္ဒာဌေးနှင့် ဦးအောင်ကျော်ဦး အထက်တန်းရှေ့နေများ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် အောင်သပြေ(၁)လမ်းအစား အောင်သပြေ(၃)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမွေပြတ်စွန့်လွှတ်ခြင်းမှ ရုပ်သိမ်းကြောင်း

နိုဝင်ဘာလ (၈)ရက်၊ ၂၀၂၄ ခုနှစ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)တွင်ပါရှိသော သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ထားသော မောင်အောင်ဟိန်းဌေး [၁၂/သကတ(နိုင်) ၁၈၂၃၉၉] ကိုင်ဆောင်သူအား အမွေပြတ်စွန့်လွှတ်ခြင်းမှ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီမြိုင်**
**[၁၂/သကတ(နိုင်)၀၉၆၀၃၆]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၉၃၊ ဦးပိုင်အမှတ်- ၂၂/၈၁လမ်း၊ ၂၈x၂၉လမ်းကြားရှိ ဘိုးဘမြေကွက် မည်ပေါက်သူ ဒေါ်စန္ဒာအောင် [၉/မရမ(နိုင်)၀၄၉၆၅၂]၊ ဒေါ်စုစုအောင် [၉/မရမ (နိုင်)၀၅၀၀၇၅]၊ ဒေါ်အေးမြအောင် [၉/မရမ(နိုင်)၀၅၀၀၇၃]၊ ဦးဖြိုးအောင် [၉/မရမ(နိုင်) ၀၀၀၃၆၆]တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၉၄)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၀၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅-က)၊ ဦးပိုင်အမှတ်(၂၁၉)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၂၂/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ”

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးနွေးဝေ [၁၂/သကတ(နိုင်)၁၆၁၉၀၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း၊ အမှတ်(၈၁၁/က)ဟုခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်လှမြင့် နှစ်(၆၀)ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ကြောင်းအဆိုပြုလာသူ ဒေါ်ကေခိုင်ဝင်းပါ(၄)ဦးတို့ထံမှ (၁၉–၁၁–၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ အကယ်၍ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အဆိုပါအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၁၁)**
**အမှတ်–(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph:09–420010569**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၈၄

ဒေါ်မေသောင်း နှင့် ၁။ ဒေါ်သန်းသန်းမော်
၂။ ဦးအောင်နိုင်လင်း

**(တရားလို)** **(တရားပြိုင်များ)**

